
# ရွှေမုဋ္ဌော ဘုရားသမိုင်း

ပခုက္ကူ။ ပဋ္ဌာန်း ဆရာတော်



# သံသရာ လွတ်လမ်း လှမ်းခဲ့ပါ

အသောက မင်းတရား
တည်ထားခဲ့ စေတီငယ်။
သံသရာ လွတ်လိုကြောင်း
တောင်းဆုပန်ရှုယ်။
ရွှေမုဋ္ဌော ဘွဲ့မည်တယ်
မြို့ဦးဝယ် တည်ကာထား။
များရှင်လူ
နားချင်မှု အို... မလှမ်းပါဘု
ပခုက္ကူ အရှေ့ထိပ်စခန်းဆီက
ဧရာဝတီ မြစ်ဆိပ်ကမ်းကို
မြန်းခဲ့ပါလား။ ။



# ရွှေမုဋ္ဌော ဘုရားသမိုင်း

ပခုက္ကူ ပဏ္ဍာန်း ဆရာတော်

ရှင်မတောင်စာပေ [redacted]
အမှတ်- ၂၉၆၊ ၁/ အနော်မာ ၇ လမ်း၊ သာကေတ၊ ရန်ကုန်

# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် ဇူလိုင် ၂၀၁၃

ထုတ်ဝေသူ – ဦးမျိုးဆင့်၊ ရှင်မတောင်စာပေ။ (မြဲ– ၀၃၉၅၁)
အမှတ် ၂၉၆၊ ၁/အနော်မာ (၇) လမ်း၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ – စွယ်တော်
အမှတ် ၁၄၇၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကွန်ပျူတာ – ရှင်မတောင်

ဖလင် – Eagle

တန်ဖိုး –

ကတ်တလောက်အညွှန်း ( )

ရွှေမှဌော ဘုရားသမိုင်း

ရွှေမှဌော ဘုရားသမိုင်း။ရန်ကုန်၊ ရှင်မတောင်စာပေ ၂၀၁၃။

မျက်နှာ [redacted] ၂၀. ၅) စင်တီမီတာ။

ရွှေမှဌော ဘုရားသမိုင်း




ရွှေမုဋ္ဌောဘုရား
သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော
အတွင်းစေတီတော်




ကြည်ညိုဖွယ်ရာ

ရွှေမုဋ္ဌော[illegible]တွင်းရှိ သာသနိက အဆောက်အဦများ



သာသနာသက္ကရာဇ် (၂၁၈)ခုနှစ်တွင် သိရိဓမ္မာသောကမင်းကြီး
တည်ထားကိုးကွယ်ခဲ့သော
သိဒ္ဓိအောင် စေတီ
ရွှေမုဋ္ဌော စေတီတော်၊ ဗုဒ္ဓကုန်း၊ ပခုက္ကူမြို့။
DA-799
မိုးနာလီဇာ
ဒစ်ဂျစ် ဓါတ်ပုံ



သာသနာသက္ကရာဇ် (၂၁၈)ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး
တည်ထားကိုးကွယ်ခဲ့သော
ဒေါ်မူ၊ ဒေါ်လှမေ အနောက်ဘက်တန်ဆောင်း
ရွှေမုဋ္ဌော စေတီတော်၊ ဗုဒ္ဓကုန်း၊ ပခုက္ကူမြို့။
DA-802
မိုးနာဏီဇော
ဒစ်ဂျစ်တယ်ဓါတ်ပုံ


သာသနာသက္ကရာဇ် (၂၁၈)ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး
တည်ထားကိုးကွယ်ခဲ့သော
အဝင်မုခ်ဦး (အရှေ့)
ရွှေမုဋ္ဌော စေတီတော်၊ ဗုဒ္ဓဂုန်း၊ ပခုက္ကူမြို့။
DA-794


သနာသက္ကရာဇ် (၂၁၈)ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး
တည်ထားကိုးကွယ်ခဲ့သော
အသောကကျောက်တိုင်
ရွှေမုဋ္ဌော စေတီတော်၊ ဗုဒ္ဓကုန်း၊ ပခုက္ကူမြို့။
မိုးနာလီဇာ
ဒစ်ဂျစ်တယ်ဓါတ်ပုံ
DA



မဟာဝိဇယာရာမ ရွှေမုဋ္ဌော ပရိယတ္တိ စာသင်တိုက်ကြီး




မန္တလေးမြို့၊ မဟာဝိသယာရာမ (ရွှေမုဋ္ဌော)မရိယတ္တိ စာချခ်ဝိုက်ကြီးအား မစ္စည်းလေးပါး (နဝကမ္မ)ပစ္စည်းသာပင် လှူဒါန်းပွဲ 23-7-2011




ရွှေမုဋ္ဌောဘုရား ဂေါပကအဖွဲ့၏
ဩဝါဒါစရိယ ဆရာတော်




ဘဒ္ဒန္တ ကေသရ
ရွှေမုဋ္ဌောဘုရား ဂေါပကအဖွဲ့၏
ဩဝါဒါစရိယ ဆရာတော်




ပဋ္ဌာန်း ဆရာတော်
ရွှေမုဋ္ဌောဘုရား ဂေါပကအဖွဲ့၏
ဩဝါဒါစရိယ ဆရာတော်




## ရွှေမုဋ္ဌောဘုရားကြီး၏ ဗုဒ္ဓဝေယျာဝစ္စ ဂေါပကအဖွဲ့

ဝဲမှ ယာသို့ (နောက်တန်း)

၁။ ဦးသာအောင်(တွ [illegible] တွဲ - ဘဏ္ဍာရေးမှူး)၊ ၃။ ဦးမောင်မောင်ညွန့်(အဖွဲ့ဝင်) ၄။ ဦးကျော်ဆွေ (စာရင်းစစ်မှူး)၊ ၅။ ဦးအေးရှို(ဒု - ဥက္ကဋ္ဌ)၊ ၆။ ဦးကျော်နိုင် (တွဲ - အတွင်းရေးမှူး)၊ ၇။ ဦးကျော်အေး(တွဲ - အတွင်းရေးမှူး) ၈။ ဦးလှဝင်းနိုင်(ဘဏ္ဍာရေးမှူး) ၉။ ဦးဝင်းနိုင် (၁) (ရုံးအဖွဲ့မှူး)၊ ၁၀။ ဦးဝင်းနိုင်(၂) (အဖွဲ့ဝင်)

ဝဲမှ ယာသို့ (ရှေ့တန်း)

၁။ ဦးအောင်မင်း(ဥက္ကဋ္ဌ)၊ ၂။ ဦးစင်မောင်ညွန့်(နာယက)၊ ၃။ ဦးတင်ကြီး (နာယက)၊ ၄။ ဦးမိုးညွန့် (ဒု ဥက္ကဋ္ဌ)၊ ၅။ ဦးဝင်းမြင့်(အတွင်းရေးမှူး)၊ ၆။ ဦးမင်းစံ (တွဲ - စာရင်းစစ်)

## " ရည်ညွှန်း (ကျမ်း) စာအုပ်များ "

(၁) ပါရာဇိကဏ်အဋ္ဌကထာ (ပ)
(၂) ဓာတုဘာဇနီယကထာကျမ်း
(၃) သာသနာ့ဗဟုသုတပကာသနီကျမ်း
(၄) ပခုက္ကူသာသနာဝင်ကျမ်း
(၅) ဇိနတ္ထ ပကာသနီကျမ်း
(၆) ဓမ္မပဒကျမ်း
(၇) သမိုင်းထဲကပခုက္ကူ(ဒေါက်တာတိုးလှ)ပခုက္ကူမဂ္ဂဇင်း ၁၉၈၁ ခု
(၈) ဒေါက်တာသက်လွင်၏ မုဋ္ဌော(၉)ဆူ
(၉) စနစ်သစ် ဦးကောသလ္လ၏ သမိုင်းဆိုင်ရာအချက်အလက်များ
(၁၀) မြန်မာသစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာန (ယန္တယား)
ဦးမောင်မောင် (ပြေထက်ထွန်း – မြယမုံ) ၏ ရွှေမုဋ္ဌော သမိုင်း
တူးဖြိုရှာဖွေခြင်းစာတန်း စသည်တို့ဖြစ်ပါသည်။

# စကားပလ္လင်

ပခုက္ကူမြို့ အရှေ့ပိုင်း အမှတ်(၁)နယ်မြေ အတွင်း၌ရှိသော ရွှေမုဋ္ဌော ကပ်ကျော်ဆုတောင်းပြည့် စေတီတော်ကြီးသည် သီရိဝမ္မာသောကမင်းကြီး တည် ထားအပ်သော မုဋ္ဌော(၉)ဆူစေတီတော်တို့တွင် တစ်ဆူအပါအဝင် ဖြစ် သည်။

မြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ဘုရားဖူးလာသူအပေါင်းနှင့် နိုင်ငံခြား ဒေသန္တရပုဂ္ဂိုလ်များပါ နေ့ညမပြတ်ပျားပန်းခပ်မျှ ဖူးမြော်လေ့လာကြရင်းနှင့် ရွှေမု ဋ္ဌောဘုရားဆိုင်ရာ သမိုင်းမှတ်တမ်းမှတ်ရာ မေးမြန်းသောအခါ ဂေါပက လူကြီးများ က သမိုင်းစာအုပ်အသင့်မဖြစ်ရကား အဖြေရခက်ကြလေတော့သည်။

ယခုအခါ ထပ်မံဖွဲ့စည်းဂေါပကလူကြီးမင်းများက နာယကဆရာတော် အား ရွှေမုဋ္ဌောစေတီသမိုင်းဆိုင်ရာ စူးစမ်းလေ့လာရေးသား ချီးမြှင့်တော်မူပါဘုရား ဟု လျှောက်ထားကြလေသည်။

ပဓာနတာဝန်ကျ နာယကဆရာတော်သည် ကျမ်းစာ(စာဝါ)များ ပို့ချ၊ ဓမ္မ ဟောကြားများပြားလှသော တာဝန်တွေကြားမှပင် လက်လှမ်းမီရာ သာသနာဝင်ကျမ်း များ၊ သမိုင်းဆိုင်ရာ မဂ္ဂဇင်းစာလွှာ မေးသင့်မေးရာ ရှေးမီသော ပုဂ္ဂိုလ်များအား မေးမြန်းမှတ်သား စာအုပ်စာပေရှာဖွေ မှတ်တမ်းပြုပေးလိုက်ပါသည်။

သမိုင်းပညာရှင်မဟုတ်သော်ငြား မိမိလေ့လာမှတ်သားမိသမျှ မှတ်တမ်း တင်ရာ လိုတာပိုတာ ဘဝင်မကျစရာ တွေ့မည်ကတော့ သေချာပါသည်။

သို့သော်. . .

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေစိတ္တေသမံဖလံ။

စေတော ပဏိဓိဟေတုမှိ၊ သတ္တာဂစ္ဆန္တိသုဂတိံ။ ။

သက်တော်ထင်ရှား မြတ်ဘုရားကိုဖြစ်စေ ပရိနိဗ္ဗာန်ဝင်စံပြီးငြား အဆူဆူသော ဘုရားရှင်များကိုဖြစ်စေ စိတ်စေတနာတူမျှစွာထားနိုင်က တူမျှသော ကောင်းကျိုး [illegible]ကားရနိုင်ကြပေသည်။ စိတ်ကို ကောင်းစွာထားနိုင်ခြင်းဟူသော အကြောင်းကြောင့် သတ္တဝါတို့ [illegible]အကွ နိဗ္ဗာန်ချမ်းသာ တိုင်အောင် ရနိုင်ရောက်နိုင်ကြ ပေသည်။

ဗုဒ္ဓမိန့်မှာ ဤဒေသနာကို ဉာဏ်၌သက်ဝင် ဆင်ခြင်ကြကာ ဗုဒ္ဓဂုဏ်တော် အဖြာဖြာကို အာရုံပြု ကြည်ညိုမှုဖြင့် သမိုင်းသာမကသဘာဝကို ဖတ်ရှုသေချာ လိုတိုးပိုလျှော့ ဖြည့်စွက်ခါသာ မှတ်တမ်းတင်ပြုစုကြပေတော့ဟု အသစ်ဖွဲ့ပြီး ဂေါပကလူကြီးမင်းများအား သေချာတိကျ လွှဲအပ်လိုက်ရပါတော့သည်။

ရှင်မတောင်စာပေ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရဟတော လူနတ်ဦးခိုက်ပူဇော်အထူးကို ခံတော်မူထိုက်ထသော

သမ္မာသမ္ဗုဒ္ဓဿ သစ္စာလေးပါးအမှန်တရားကိုကောင်းစွာ မသွေ သိတော်မူပေတတ်ထသော

တဿ ဘဂဝတော ဣဿရိယယ ဓမ္မယ ယဿယ သီရိယ ကာမယပယတ္တဟု ခြောက်ဝသုံးဟုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား

နမော ခြေလက်နဖူး တံတောင်ဒူးဟု ငါးဦးထိရိုး မြေမှာလျှိုး လျက်လက်အုပ်အဥ္ဇလီ တင်ချီးမြောက်မိုးရှိခိုးပါ မြတ်စွာဘုရား။

## ရွှေမုဋ္ဌောကပ်ကျော်ဆုတောင်းပြည့် စေတီတော်သမိုင်းဖြစ်ပေါ် လာခြင်း နိဒါန်းစကား

ယခုအခါပခုက္ကူမြို့ရှိတန်ခိုးကြီးဘုရားများ၊ ပရိယတ္တိစာသင်တိုက်ကြီးများ၊ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းရိပ်သာများနှင့် စီးပွားရေးအချက်အချာကျသော ဒေသကြီး ဖြစ်သည့်အားလျော်စွာ ဧရာဝတီ(ပခုက္ကူ)တံတားကြီးကလည်း ချင်းတွင်း ဧရာမြစ်နှစ်ဖြာကို ဖြတ်သန်းလျက် ခမ်းနားကြီးကျယ်ဝင့်ထည်စွာ မြန်မာနိုင်ငံမှာ အရှည်ဆုံးတံတားကြီးအဖြစ် နိုင်ငံတော်က တည်ဆောက်ပေးထားရာ ရှေးဟောင်း ယဥ်ကျေးမှုနယ်မြေ ပုဂံမြို့မှ ဘုရားဖူးပြီး ပခုက္ကူသို့ ကားကြီး၊ ကားငယ်တို့နှင့် ခရီးဆက်ကာ တံတားကြီးပေါ်က ဖြတ်၍လာကာ မိနစ်(၃၀)၊ (၄၅)[illegible]ကြာပြီး အံ့ချီးဖွယ်ရာ ဧရာအနောက်မြို့တော်ကြီးကို ဘွားခနဲ အံ့သြဖွယ်ရာ မြင်တွေ့ကြရပါမည်။

ထိုကဲ့သို့ မြန်မာတစ်ပြည်လုံးမှ ဘုရားဖူးလာ ရဟန်း၊ ရှင်၊ လူ၊ ကျောင်းသားကျောင်းသူများနှင့် နိုင်ငံခြား ဒေသန္တရလေ့လာလိုက်စား ခရီးသွားများပါ ပခုက္ကူမြို့၌ ရှိသော တန်ခိုးကြီးဘုရားများစွာတို့တွင် တစ်ဆူအပါအဝင်ဖြစ်သော

ရွှေမုဋ္ဌော စေတီတော် ကြီးအား ဖူးမြော်လေ့လာ သမိုင်းဆိုင်ရာ မေးမြန်းသောအခါ ကျွန်ုပ်တို့ တာဝန်ကျ ဂေါပကလူကြီးများမှာ ခိုင်လုံတိကျစေတီတော်၏ သမိုင်း အဝဝကို သေချာ ဂဃနဏ မေးမြန်းသူ၏ ဆန္ဒပြည့်ဝအောင် ရှင်းမပြနိုင် ဖြစ်ခဲ့ကြပါသည်။

သို့အတွက်ကြောင့် အသစ်ဖွဲ့စည်းဗုဒ္ဓဝေယျာဝစ္စဂေါပကလူကြီးများ စည်းဝေးညီမူကြကာ မိမိတို့ထဲမှာလည်း ဗဟုသုတလေ့လာလိုက်စားသူများနှင့် ဗုဒ္ဓကုန်း ရွှေချောင်းရပ်များမှ ရှေးနောက်မီဆရာတော်ကြီးများ၊ လူကြီးသူမများအားလည်း စူးစမ်း လေ့လာမှတ်တမ်းတင်ကာ နာယကဆရာတော်အရှင်မြတ်အားလည်း လျှောက်ထားပြီး ရွှေမုဋ္ဌော စေတီတော်သမိုင်း ခိုင်လုံသော စာပေအထောက်အထား မြောက်များစွာ ညှိနှိုင်းလျက် ရွှေမုဋ္ဌောကပ်ကျော်စေတီတော်သမိုင်း တစ်စောင်ကို ကျွန်တော်တို့ ဂေါပကအဖွဲ့မှ ကောင်းမြတ်သောစိတ်ထားဖြင့် ဖတ်ရှုမှတ်သား ကြည်ညိုကုသိုလ်ပွားနိုင်ရန် ဘုရားစေတီသာသနိက အဆောက်အဦမှတ်တမ်း ဓာတ်ပုံစုံလင်စွာဖြင့် စုပေါင်းညီညာ ရေးသားတင်ပြအပ်ပါသည်။

ရွှေမုဋ္ဌောကပ်ကျော်စေတီတော်
ဗုဒ္ဓဝေယျာဝစ္စဂေါပကအဖွဲ့
အမှတ်(၁)ရပ်ကွက်
ပခုက္ကူမြို့
၁၃၇၅ ခုနှစ် ကဆုန်လဆန်း (၂) ရက်၊ သောကြာနေ့

# ရွှေမုဋ္ဌောကပ်ကျော်ဆုတောင်းပြည့် စေတီတော်ကြီး၏ သမိုင်း

ဘုရားသမိုင်းကို မှတ်တမ်းမတင်မီ ရေခံမြေခံဘူမိနက်သန်မှန်လှသော သာသနဘူမိ ပခုက္ကူမြို့ကြီး၏ ဖြစ်ပေါ်လာပုံအစုံစုံကိုဒေါက်တာတိုးလှ၏ ၁၉၈၁ ခုနှစ်ကထုတ်ဝေသော ပခုက္ကူမဂ္ဂဇင်း၌ မှတ်တမ်းတင်ထားသမိုင်းဆိုင်ရာ အထောက် အထားများကို ရှေးဦးစွာ တင်ပြပါမည်။

ပခုက္ကူသာသနာဝင်ကျမ်းပြုဆရာတော် အရှင်ကေလာသ၏ပခုက္ကူဖြစ်လာ နိုင်ခြေ ဗျူပ္ပတ်အဆိုနှစ်ရပ်ကို မူတည်ကာတင်ပြခဲ့ပေသည်။

အရှင်ကေလာသ က (၁) သားထုတ်ဂူမှ ပခုက္ကူ

(၂) ပခန်းအုတ်ဂူမှ ပခုက္ကူ

ဖြစ်လာသည်ဟုတင်ပြရေးသားခဲ့ပါသည်။

ဒေါက်တာတိုးလှက သူ၏သမိုင်းထဲက ပခုက္ကူစာတမ်းတွင် ဆွေးနွေးထား ပုံမှာ ...

မြန်မာတို့သည် မိမိတို့မြို့ရွာဖြစ်ပေါ်လာပုံပြောဆိုကြရာ၌ ဘာသာရေးကို အမှီပြုကာ များစွာကြဲဆပြောဆိုလေ့ရှိကြ၏။ မြတ်ဗုဒ္ဓအလောင်းတော် နုစဉ်ဘဝ တစ်ခုဖြင့်ဖြစ်စေ၊ သီရိဓမ္မာသောကမင်းကြီးနှင့် စပ်၍ဖြစ်စေ၊ အလောင်းစည်သူမင်း ကြီးနှင့်ဖြစ်စေ တစ်နည်းမဟုတ်တစ်နည်း နှီးနွယ်တတ်ကြပေသည်။

ပခုက္ကူဇာတ်လမ်း မှတ်တမ်းတင်ရာ၌ အလောင်းစည်သူမင်းနှင့်မကင်းခဲ့ေ ချ။ ရှေးဟောင်း ရာဇဝင်ကျမ်းကြီးများတွင် အလောင်းစည်သူမင်းကြီးသည် ကွမ်းရွာ (ရှင်မတောင်) နှင့် ပခန်းအရပ်တို့၌ ဘုရားများစွာ တည်ထား ကိုးကွယ်ခဲ့ကြောင်း တစ်ညီ တစ်ညွတ်တည်း ဆိုခဲ့ကြသည်။

ဤအချက်ကို အမှီပြုစဉ်းစားသော အလောင်းစည်သူမင်း[illegible]ပြု ပခုက္ကူ ဟုဖြစ်ပေါ်လာမည့်အရပ်သို့ ရောက်ခဲ့ကြော[illegible]ပေသည်။

ပခုက္ကူဝန်းကျင်အရပ်တို့၌ တွေ့ရသမျှ ကျောက်စာ၊ ခေါင်းလောင်းစာ၊ ပုရပိုက်၊ ပေစာစသည်တို့ကလည်း သားထုတ်ဂူဟုတစ်ညီတစ်ည[illegible]ည်း ရေးခဲ့ကြ သည်။

## သာဓကဆောင်ရသော်..

ခရစ်နှစ် ၁၈၂၈ခုနှစ် (မ၁၁၉၀) တွင် ရေးထိုးခဲ့သည့် သမန္တကျော်ခေါင် ကျောက် စာ၌ ......

**ကျေးလက်တရာ ခြောက်ဆယ်သာ၍ ခြောက်ရွာကဲမောက် ခရိုင်ပေါက်လျက် နောက်တောင်ခန်းဝါ ရပ်မျက်နှာ၌ ရောရစ်ပိုင်း ရွာမြစ်ကိုင်းဟု သမိုင်းတစ်ဆူ လောင်းစည်သူသည် နောင်မူနာဂတ် ဖြစ်မည်လတ်နှင့် ကြီးမြတ်ဘုန်းတူ သားထုတ်ကူလျှင် တည်မူဌာန ထိုဒေသ၌ တောဝဖြိုင်ခြေ ဆင်နေကျားအောင်း ရှိသည့်ကြောင်းကို လူပေါင်းကဝိ ပညာရှိနှင့် နှိုင်းညှိဝေဘန် ဘူမိမှန်တွင် ရက်မြန်မကြာ တည်တွင်ပါ၍ ရပ်ရွာအစ ထိုဒေသ၌ မွေးဖမိမယ် နောင်နွယ်ဘကြီး မရီးတူသား ဆွေမျိုးများနှင့် ကြီးပွားရာချုပ် ဦးကိုင်လွှပ်၍ စိုးအုပ်တည်တောင် ပြီးစီးအောင်မှ .**

ဟူ၍ ရေးထိုးမှတ်တမ်းတင်ခဲ့သည်။

၎င်း၌ သမိုင်းကြောင်း အရေးပါသော အချက်များ သတိထားကြည့်သော် - (၁) မြစ်ကိုင်းနှင့်သားထုတ်ဂူသည် ပုခန်းကြီးခရိုင်၏ အနောက်တောင်ဘက် ရွာပေါင်း (၁၆၆) ရွာတွင် အပါအဝင်ဖြစ်ကြောင်း။

(၂) သားထုတ်ဂူဟုတွင်မည့်ရွာကို စတင်ထူထောင်ခဲ့သူမှာ သမန္တကျော်ခေါင်၏ ဖခင်ဖြစ်ကြောင်းခိုင်လုံစွာ သိရပေသည်။

သားထုတ်ဂူကို အလောင်းစည်သူမင်းနှင့်ကင်းလျက် သီးသန့်အဆိုတစ်ခုဒေါက်တာတိုးလှက ရှာဖွေဖော်ထုတ်ပြသည်ကို ဆက်လက်တင်ပြပါမည်။

ဗမာဂေဇက်တီရာ ပခုက္ကူဒိစတြိတ်စာအုပ်တွင် ပဒုံမင်းလက်ထက် သံလွင် ဒေသဘက်၌ မငြိမ်မသက်မှုများပေါ်ပေါက်ခဲ့ရာ ငြိမ်ဝပ်ပိပြားရေးအတွက် မင်းတော်ပြည်တော်မှ စစ်တပ်များချီကြရလေသည်။

ထိုစစ်တပ်တို့တွင် မြစ်ကိုင်းသူကြီး၏ တပ်စုလည်း ပါဝင်လေသည်။

မြစ်ကိုင်းသူကြီးသည် ဤစစ်ပွဲကို ကိုယ်တိုင်မလိုက် မောင်ရွှေဘွင့်အား ကိုယ်စားလိုက်ရန် ပြန်ရောက်ပါက မြစ်ကိုင်းသူကြီးရာထူး လွှဲပေးမည်ဟု ကတိပြုခဲ့လေသည်။ ယင်းသို့ကတိပေးခဲ့ခြင်းမှာ မောင်ရွှေဘွင့်တစ်ယောက် အသက်နှင့်ကိုယ်ပြန်လာနိုင်မည်မဟုတ်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။

သို့သော် မောင်ရွှေဘွင့်စစ်ပွဲမှ အောင်မြင်စွာ ပြန်လာနိုင်သည်ကို သိသော အခါ သူကြီးသည် မိမိရာထူးလည်းမြဲစေ ကတိတစ်စိတ်တစ်ပိုင်း

ပြန်တည်စေဟူသောဆန္ဒဖြင့် စေ့စပ်ညှိနှိုင်းကာ မောင်ရွှေဘွင့်အား ရွာသစ်တည်ထောင်၍ ကြီးစိုးခွင့်ပြုခဲ့သည်။ ရွာသစ်တည်ထောင်သော ခရစ်နှစ်(၁၈၁၄)(မ၁၁၇၆)တွင် ရွာသစ်ကို တည်ထောင်သည်။ ရွာသစ်တည်မည့်အရပ် ရှင်းလင်းကြသောအခါ ဂူကြီးတလုံး တွေ့ရှိပေါ်လာသည်။ ကျွဲ၊ နွား သူခိုးများ အသုံးပြုခဲ့သည့်ဂူဖြစ်၍ ခိုးယူသတ်ဖြတ် ထားသော ကျွဲ၊ နွားအရိုးများ ဂူတွင်း၌ တွေ့ကြရသည်။ ထို့ကြောင့်လည်း သားထုတ်ဂူ ဖြစ်လာကြောင်း ဆိုလေသည်။

အထက်ပါအဆိုတွင် သမိုင်းအချက်အလက်အချို့ကို ဒေါက်တာတိုးလှ သတိပြုမိပြန်သည်။ (၁) ပခုက္ကူထူထောင်ခဲ့သည့်ခုနှစ်နှင့် (၂) စတင်ထူထောင်သူ ပုဂ္ဂိုလ်အမည်ကိုလည်း တွေ့ရပြန်သည်။ သမန္တကျော်ခေါင်ကျောက်စာပါ မွေးဘမိမယ် နောင်နွယ်ဘကြီး မရီးတူသား ဆွေမျိုးများနှင့် ကြီးပွားရာချုပ် ဦးကိုင်လှုပ်၍ စိုးအုပ်တည်ထောင်ဟူသော အဆိုနှင့်လည်း ကာလကို ချင့်ချိန်သော် ညီညွတ်ပေသည်။ထို့ကြောင့် မောင်ရွှေဘွင့်သည်ပင် သမန္တကျော်ခေါင်၏ ဖခင်ဟု တွေးဆကောက်ယူရမည် ဖြစ်တော့သည်။

တဖန် ဒေါက်တာတိုးလှကပခန်းအုဋ္ဌကူမှ ပခုက္ကူဖြစ်လာသည်ဟူသော အဆိုကို ဆွေးနွေးရာ၌ ဘာသာစကားရွေ့လျားပြောင်းလဲမှု သဘောအရ သားထုတ်ဂူမှ ပခုက္ကူဖြစ်လာသည်ထက် ပခန်းအုဋ္ဌကူမှ ပခုက္ကူဖြစ်လာသည်က နီးစပ်တန်ရာသည်။ ပခန်း+အုဋ္ဌတွင် နကိုချေ၍ မနှင့်အုက်ယှဉ်စပ်သဖြင့် ခုတ်ဟူသော စကားဖြစ်လာသည်။ ကူနှင့် ဆင့်လိုသဖြင့် တမှ ကသို့ ပြန်ပြီး ကုက္ကိုကဲ့သို့ ပခုက္ကူဖြစ်လာမည်ဟုထင်မြင်ယူဆခဲ့လေသည်။

ပခန်းအုဋ္ဌဂူနှင့်ဆိုင်သော အထောက်သာဓက ကို ဆရာ ဒေါက်တာတိုးလှ ကြိုးစားရှာ ပြသည်မှာ ၂၉ မတ်လ ၁၈၁၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ ပဒုံမင်း၏ ပုဂံနယ် ပခန်းနယ် အငြင်းပွားမှုနှင့်ဆိုင်ရာ အမိန့်တော်ပင်ဖြစ်သည်။

## ပဒုံမင်း၏ အမိန့်တော်

ပုဂံမြို့နှင့်ပခန်းမြို့နယ်မြေစကားများရာ ပုဂံမြို့နယ်ပိုင်နှင့် ပခန်းမြို့နယ်ပိုင်နှစ်ရပ်ကို ပုဂံမင်းနှင့်ပခန်းမင်းတို့ကြည့်ရှုပြောဆိုကြသည့်အတိုင်း သိန်းဃိုရှင်ဘုရားကသည် အရှေ့ကို အတည့် ရောဝတီမြစ်အထိ။

ရောဝတီမြစ်ကသည် အရှေ့ဘက်ကို ကူး၍ လက်ထုတ်ရွာနယ်ကုန်။ တလုပ်မြို့နယ်ပိုင်နှင့် ပခန်းမြို့နယ်ပိုင်ရှိသည်မှာလည်း ပုဂံမြို့နယ်ပိုင်အတိုင်း ပခန်းမြို့

နယ်ပုံကိုပြင်၍ ရေးစေ။ နယ်ပုံနယ်ဘက်အမိန့်တော်ကို ပြင်၍ ပခန်းမြို့ကပြုတည် လုပ်မိသည်ကို သိမ်းစေ။သက္ကရာဇ် ၁၁ရ၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်နေ့ နာခံပျော့ကြီးမှူးတွင် ပြန်သည့်အမိန့်တော်။

ဒေါက်တာတိုးလှက ပဒုံမင်း၏ အမိန့်တော်တွင် သမိုင်းကြောင်းသုံးခု ထုတ်ယူပြပြန်သည်မှာ...

(၁) ပခုက္ကူမရှိသေးကြောင်းမှန်းဆ၍ရ၏ ။

(၂) ပခန်းနှင့်ပုဂံနယ်သည် ယခုရှိပခုက္ကူနေရာတွင်ဖြစ်ကြောင်းသိရ၏။

(၃) ပခန်း၏နယ်နိမိတ်မှတ်တိုင်ကို အုတ်ဖြင့် ပြုအိုး တည်ဆောက် ထား ကြောင်းမှတ်သားရ၏။

ထို့ကြောင့် ရာဇဌာနီမင်းနေပြည်၌ ခေါ်သောပြသည့် တောသဘာဝ အလျောက် ကူဟု ခေါ်မည်ဖြစ်သည်။ မကြာမီ ဤအရပ်ဒေသ၌ ရွာဖြစ်လာသောအခါ ပခန်းအုဋ္ဌကူ (ပြ)ရွာဟု တည်နေရာကို အစွဲပြု၍ ခေါ်ကြမည်ထင်သည်။ပခန်း အုဋ္ဌကူရွာသည်ကာလရွေ့လျက် လျှာလီလာသောအခါ ပခုက္ကူဖြစ်လာမည်တည်း။

အထက်ပါအဆိုများ ညှိနှိုင်းသုံးသပ်သော် ကူကိုစွဲခေါ်ကြောင်း တစ်ညီ တစ်ညွတ်တည်းဖော်ပြကြ၏။ ထိုကူသည် ပုဂံခေတ်အလောင်းစည်သူမင်း၏ ရာဇဝင် လာသားထုတ်ဂူထက် ပဒုံမင်းလက်ထက်ပခန်း နယ်နိမိတ်မှတ်တိုင်ဖြစ်သော ပခန်း အုဋ္ဌဂူ(ပြ)ဆိုသည်က သမိုင်းကြောင်းပို၍ ပီပြင်ခိုင်မာသည်ကိုတွေ့ရ၏ ထို့ကြောင့် သားထုတ်ဂူမှ ပခုက္ကူဖြစ်လာသည်ထက် ပခန်းအုဋ္ဌကူမှ ပခုက္ကူ ဖြစ်လာခြင်းကို ပို၍လက်ခံနိုင်ဖွယ်ရှိကြောင်း သဘောပိုက်မိသည်ဟု သုံးသပ်ပြလေ သည်။

## ပခုက္ကူ၏ ကြီးပွားစည်ပင်ခြင်းအစ

ခရစ်နှစ် ၁၈၁၀ ပြည့်နှစ် ပုဂံနှင့် ပခန်း နယ်မြေလုမှုအငြင်းပွားခဲ့ကြစဉ်က ထ[illegible]သော ဒေသတွင်ပင် နယ်မြေ ဒေသပိုင်းခြားမှုပြုခဲ့ကြသော်လည်း ထိုစဉ်က ပခုက္ကူရွာဟုသတ်သတ်မှတ်မှတ် မရှိသေးပေ။ ခရစ်နှစ် ၁၈၁၄ ခုနှစ် ရောက်မှ ဦးရွှေဘွင့်ကမြစ်ကိုင်းမှ ခွဲလျက် ရွာသစ်ထူထောင်ခဲ့ရာ ထိုရွာကား ပခုက္ကူပင် ဖြစ်တော့သည်။ ခြောက်နှစ်ကျော်မျှ ကြာလာသောအခါ ပခုက္ကူသည် အတော်ပင် ကြီးပွားတိုးတက်လာခဲ့သည်။ သာဓကတင်ပြရသော် စက္ကိန္ဒာဘိ သိရီသဒ္ဓမ္မဓဇ ဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ မဟာအောင်မြေဘုံစံ အုဋ္ဌ

ကျောင်း ဆရာတော်ဟု ထင်ပေါ်ကျော်ကြား ဆရာတော်ဦးဗုဓ် အရှင်ဘုရားသည် ရွှေစက်တော်သို့ (၂၆)ရက်၊ ဧပြီလ ၁၈၂၀ ခုတွင် ဇာတိ ဘုတလင်ရွာမှ ရွှေစက်တော်သို့ ဘုရားဖူးကြွရာ (၂၈)ရက် ဧပြီလ၊ ၁၈၂၀ ခုနေ့တွင် ပခုက္ကူသို့ရောက် တစ်ည ကျိန်းစက်တော်မူခဲ့လေသည်။

ဆရာတော်ပခုက္ကူရှိစဉ် ဈေးနားအစုံအလင်အရောင်းအဝယ်များ ဖြစ်ထွန်း တိုးတက်နေပေပြီ။ ထို့ကြောင့် ဆရာတော်က "ရွှေစက်နှင့်တည် ဖူးအံ့ရည်၍ ရှည်သက္ကရာဇ် ထောင်ရာရှစ်ဆယ် စွန်းကယ်နှစ်နှစ် သရစ်မာသ ပုဏ္ဏမဝယ် ဗုဒ္ဓနေ့ တွင် ဘုတလင်မှ ထွက်ခဲ့ကြသော် စုံလှဈေးနာ မုံရွာမြစ်စုတ် ပခုက္ကူမည် ပုဂံပြည် နှင့် ဤသည်ရက်များ ညဉ့်တည်းနားမျှ" ဟု စပ်ဆိုခဲ့ရာ ဤနေရာ၌လည်း ဒေါက်တာတိုးလှက သတိမူရန်အချက်နှစ်ရပ် သတ်မှတ်ပြခဲ့ပြန်လေသည်။

ဒေါက်တာတိုးလှ သတ်မှတ်ပြ အချက်နှစ်ရပ်မှာ

(၁)စုံလှဈေးနာဟုဆိုသောကြောင့် အရောင်းအဝယ် ဖြစ်ထွန်း တိုးတက် လျက်ရှိနေခြင်း။

(၂)ပခုက္ကူဟူသော အမည်ကို အမွန်အစသုံးစွဲခဲ့ခြင်း ဤ အကြောင်း နှစ်ပါးကြောင့်ပင် သားထုတ်ဂူဟုသော အမည်မှာ တမင်ကြံဆ ဖျူပ္ပတ်မျှသာ ဖြစ် တော့သည်။

## ပခုက္ကူသမိုင်းစတင်ရေးသူ

ပခုက္ကူသမိုင်းကိုစတင်၍ မှတ်တမ်းရေးသွင်းခဲ့သူကား၊ မြန်မာတို့အခေါ် ဂျော့ခရောင်းဖရူ (John crawfurd) ခေါ်သည့် အင်းဝသို့လာ နယ်ချဲ့ အင်္ဂလိပ်၏ ကိုယ်စားလှယ်ပင်ဖြစ်သည်။ အင်းဝသို့လာရခြင်းအကြောင်းကို အိန္ဒိယ ဘုရင်ခံချုပ် ထံမှ အင်းဝသို့ ၁၈၂၇ ခု သံတမန်ခရီး (Journal of an Embassy From the Governor General of India to the court of Ava in the [illegible]) ဟူသော အမည်ဖြင့် ၁၈၂၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဂျော့ဖွတ်သည် ပခုက္ကူမှတ်တမ်းကို စက်တင်ဘာလ (၂၀)ရက်၊ ၁၈၂၇ ခုနှစ်တွင် မွန်းတည့်အချိန် မြစ်၏ အနောက်ဘက်ကမ်းရှိ ပခေါက္ကောနှင့် ရင်ဘောင်တန်းနေရာသို့ ကျွန်ုပ်တို့ရောက်ရှိသည်။ ပခေါက္ကောသည် အင်မတန် ကြီး၍ လူဦးရေလည်းများသည်။ အရောင်းအဝယ်ကြီးကျယ်စွာ ဖြစ်ထွန်းလျက်

အင်းဝနေပြည်တော်နှင့် အောက်မြန်မာနိုင်ငံကြား ဆက်စပ်ပေးရာ ပွဲဈေးလည်း ဖြစ်သည်။

နွေရာသီ အင်းဝသို့ ခရီးမဆက်နိုင်သော ကုန်တင်လှေကြီးများ ပခေါ်ကျောက်၌ ကုန်တင်ရင်း ရပ်နားနေကြသည်။ ယင်းတို့ကို ရေတွက်ကြည့်ရာ (၁၅၀) ရှိပေသည်။ သိသိသာသာကြီးမားလှသော ကုန်လှေကြီး (၂၁)စင်းပါသည်။

ပခေါ်ကျောက်ထွက်ပစ္စည်းများ ပိုးထည်နှင့် ချည်ထည်အမြောက်အမြား ထွက်သည်။ အတွင်းဘက် ကျောထောက်နောက်ခံနယ်များတွင် ချည်ထည်များကို ထုတ်ကုန်အတွက်ယက်လုပ်ကြသည်။ ကြွေကဲ့သို့ကောင်းသော မြေအိုး မြေခွက်များ နှမ်းဆီ၊ ထန်းလျက်၊ ကုလားပဲနှင့် ဆေးရွက်ကြီးများလည်း ထွက်ရှိကြသည်။

ဂျော့ဖွတ်၏မှတ်တမ်းအား ထောက်ခံသော အမှတ်အသားလည်းရှိသည် ပခုက္ကူကို ဒုတိယဆက်ခံ သော သမန္တကျော်ခေါင်၏ ၁၈၂၈ ခုနှစ် ကျောက်စာပင် ဖြစ်သည်။

ယင်းကျောက်စာတွင် ''ရွာအိမ်ခြေရ ဂဏန်းချသော် နှစ်မှာအစ 'ပဥ္စနောက်ဝယ် နှစ်သွယ်သုံးည သည်လျှင်ရ၏'' ဟူ၍ပခုက္ကူ၌ အိမ်ခြေ (၂၅၀)ရှိကြောင်း ဆိုလေသည်။

## အရောင်းအဝယ်စည်ကားပုံ

'' ကုန်သည်မဆိတ်၊ ကမ်းဆိတ်ပုံပြက်၊ ဆယ့်တရပ်နှင့် များလတ်ထွေထွေ၊ ဆန်၊ ရေ၊ စပါး၊ ရွှေငွေများလည်း ရွာအားအနေ အခြေပြည့်စွာ လှေမှာ လှေအလျောက် ဘောက်ကားမဆိတ်၊ လှည်းဆိတ်ဝန်တင်၊ ခြေကြင်ရွက်ထမ်း၊ ရှစ်ရပ်ခါန်းက ကူသန့်မစဲ '' စသည်ဖြင့် ဖွဲ့ဆိုထားသည်။

## ပင်ဘာတန် (Pemberton) ၏ မှတ်တမ်း

[illegible] မြန်မာနှင့် အင်္ဂလိပ်ဘော်ခြောင်ပြဿနာဖြစ်နေစဉ် မဏိပူရမှ ချင်းတွင်းရေကြောင်းဖြင့် အင်းဝသို့ အင်းဝမှ ရိုးမကိုဖြတ်လျက် ရခိုင်သို့ ခရီးနှင်ခဲ့သော အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးပင်ဖြစ်သည်။

## ပင်ဘာတန် ခရီးစဉ်မှတ်တမ်း

ယနေ့မနက်လေးနာရီ ကျွန်ုပ်တို့ခရီးဆက်ကြသည် (၈)နာရီခွဲတွင် လက်ယာဘက်ကမ်းရှိ ရွှေချောင်းအောက်အတန်ငယ်ကွာ (ဗုဒ္ဓကုန်းဆိုလိုဟန်ရှိ) တွင် နံနက်စာစားကြဖို့ ခေတ္တနားသည်။ ဤနေရာကား မြစ်ကမ်းပါး အတော်မြင့်၏။ ကျွန်းများ၊သောင်များ ပေါ်ထွန်းလျက်ရှိသောကြောင့် ပြတ်လပ်လျက်ရှိသည့် အင်းဝမှလာခဲ့သည့်လမ်းတစ်လျှောက်လုံး သောင်ထွန်းလျက် ကျွန်းများပေါ်နေသည်မှာ အများအပြားပင်။

မြစ်အောက်အတန်ကွာတွင် ဝုဒ်(Wood)၏ မြေပုံတွင်မပါသေးသော ပခေါက္ကောဟုခေါ်သော ရွာကြီးတစ်ရွာရှိ၏ အရောင်းအဝယ်လည်း ထွန်းကား၊ နှစ်မိုင်မျှသော ကမ်းနားတစ်လျှောက် အရွယ်အမျိုးမျိုး လှေပေါင်းသုံးလေးရာကျော် ဆိုက်ကပ်ထားသည်ဟု သူ၏မှတ်တမ်းတွင် ရေးသားခဲ့ပေသည်။

## ပင်ဘာတန်၏နောက် ပခုက္ကူအကြောင်း မှတ်တမ်းတင်သူ

ဟင်နရီယူး (Henry Yue)ဖြစ်၏။ ထိုသူက ယင်း၏ မှတ်တမ်းကို ၁၈၅၅ ခု အင်းဝနန်းသွား၊ သံအဖွဲ့အကြောင်း ပြန်ပြောင်းပြောပြချက်မှာ(Narrative of the Mission to the court of Ave in 1855) ဟူသော အမည်ပေးထားသည်။ ဖော်ပြပါ ခုနှစ်ကား မင်းတုန်းမင်းတရားကြီး လက်ထက်တော်ကာလဖြစ်သည်။ ပခုက္ကူအကြောင်း ဖော်ပြသည်မှာ စာတစ်ကြောင်းဝါကျတစ်ခုမျှသာဆိုသော်လည်း သမိုင်းအရေးပါမှုကား အတော်အသင့်ကြီးကျယ်ပါသည်။

မှတ်တမ်းတင်ရက်စွဲ ၂၄ ရက် ဩဂုတ်လ ၁၈၅၅ ခုနှစ် ဖြစ်သည်။

မှတ်တမ်းတင်ပုံမှာ . .

မြင်သာနှင့်ပခေါက္ကော အမည်ရှိမြို့တန်းရှိ ညကလေးမှာသုံးလေးမိုင်မျှ တစ်ဆက်တည်းရှိနေသည်ထင်ရတဲ့ ဤခြံလည်း အတော်အသင့်ကြီးကျယ်၍ ဟင်နဒီယူးက မြို့ဟုသုံးနှုန်းခဲ့သော်လည်း၊ ထိုခေတ်မြန်မာ့အုပ်ချုပ်ရေးစနစ်ကမူ မြို့ဟုမသတ်မှတ်သေးချေ ဟု ဒေါက်တာတိုးလှက ရှာဖွေ၍ မှတ်တမ်းတင်ခဲ့ပေသည်။

## မုဠောကိုးဆူဘုရားဒါယကာ သီရိဓမ္မာသောကမင်း အကြောင်းပြန်ပြောင်းကြည့်သောအခါ

သီရိဓမ္မာသောကမင်းကြီးသည် မင်းပျိုမင်းလွန်ဘဝ အလွန်ကြမ်းတမ်းရကား ပါဋ္ဌလိပုတ်ပြည်သူပြည်သားများက စဏ္ဍာသောကမင်းဟု ခေါ်ဆိုကြလေသည်။

သီရိဓမ္မာသောကာဘဝဖြစ်စဉ် ပါဋ္ဌလိပုတ်ပြည်ဝယ် စန္ဒဂုတ္တမင်းကြီးနန်းစံလျက် နန်းစည်းစိမ်(၂၄)နှစ် သာသနာသက္ကရာဇ်(၁၈၆)အရောက်မှာ နတ်ရွာစံသောအခါ သားတော်အငယ် ဗိန္ဒုသာရ ထီးနန်းအုပ်ချုပ်မင်းလုပ်တော်မူပြီး မောရိယပြည်မှ သာကီဝင်မျိုးဖြစ်သော သုဓမ္မာမင်းသမီးကို မိဖုရားမြှောက်တော်မူသည်။

## သုဓမ္မာမိဖုရား အာသောကလောင်းလျာအား ပဋိသန္ဓေယူခန်း

သုဓမ္မာမိဖုရားသည် အာသောကလောင်းလျာ ကိုယ်ဝန်ဆောင်ရာ၌ ချဉ်ခြင်း ငါးပါး ဖြစ်ပွားတော်မူလေသည်။

(၁) မိဖုရားသည် ခြေတစ်ဖက်ကား နေဝန်းကို ခြေတစ်ဖက်ကား လဝန်းကို နင်းလိုခြင်း။

(၂) ကောင်းကင်၌ရှိသော ကြယ်တာရာတို့ကို စားလိုခြင်း။

(၃) ကောင်းကင်၌ ပြေးသွားကြကုန်သော တိမ်လွှာတိမ်ညွန့်တို့ကို စားလိုခြင်း။

(၄) မဟာပထဝီမြေအတွင်း၌ရှိသော တီတို့ကို စားလိုခြင်း။

(၅) မဟာပထဝီမြေပေါ်၌ ပေါက်ရောက်ကုန်သော သစ်ပင်တို့၏ သစ်ညွန့်သ[illegible]ကို စားလိုခြင်း။

ဤချဉ်ခြင်းငါးပါး ဖြစ်ပေါ်လေသည်။

တစ်နေ့သောအခါ ဗိန္ဒုသာရမင်းကြီးအား သံတော်ဦးတင်လျှောက်ထားရာ မင်းကြီးသည်ပညာရှိ အမတ်ကြီးများနှင့်တိုင်ပင်၍ မိဖုရား၏ အာသာဆန္ဒကင်းငြိမ်းအောင် ဆောင်ရွက်ပေးတော်မူသည်။

ဗိန္ဒုသာရမင်းကြီးသည် မိမိ၏ ဆရာရင်းဖြစ်သော စရဏဇီဝကအား ထို

အကြောင်းအရာ မေးမြန်းသောအခါ ဆရာစရဏဇိဝကသည် မင်းမြတ်၏ မိဖုရား သုဓမ္မာဝမ်း၌ ရှိသောသန္ဓေသားသည် ယောကျာ်းစင်စစ်ကေန်ဖြစ်လျက်

(၁) အာသာဆန္ဒကြောင့် ထိုသတို့သားသည် မင်းသားမည်ကာမျှ မဟုတ် ဇမ္ဗူဒိပ်တစ် ကျွန်းလုံးဝယ် ထင်ရှားသောမင်းဖြစ်လျက် အခြားတစ်ပါးသော မင်းတို့ကို နှိမ်နင်းနိုင်သော နိမိတ်ကြောင့် နေနှင့်လကို နင်းလိုသော အာသာဆန္ဒဖြစ်ရပါသည်။

(၂) ကြယ်တာရာတို့ကို စားခြင်းသောနိမိတ်ကား တစ်ဖသားခြင်း၊ ညီရင်းအစ်ကို ဟူသမျှကို သုတ်သင်လိုသော နိမိတ်ဖြစ်ပါသည်

(၃) တိမ်လွှာတိမ်ညွှန့်တို့ကို စားချင်သော နိမိတ်ကား ဘုရား သာသနာတော်၏ အညစ်အကြေး မိစ္ဆာဒိဋ္ဌိတို့ကို ပယ်ဖျောက်လိုသော နိမိတ် ဖြစ်ပါသည်။

(၄) မြေထဲ၌ကျစ်သောတီကိုစားလိုခြင်းကားမြေအောက်တစ်ယူဇနာ တိုင်အောင် အာဏာတန်ခိုးစိုးပိုင်မည့် နိမိတ်ဖြစ်ပါသည်။

(၅) သစ်ပင်တို့၌ သစ်ညွှန့်သစ်ဖူးအထူးထူးကို စားလိုခြင်းကား အထက်အဇ္ဈာ ကောင်းကင်တစ်ယူဇနာတိုင်အောင် အာဏာ တန်ခိုး ပြန့်နှံ့မည့် နိမိတ်ဖြစ်ပါသည် ဟု သံတော်ဦးတင်လေသည်။

## အသောကမင်းသားမီးရှူးသန့်စဥ်ဖွားမြင်ခြင်း

သုဓမ္မာမိဖုရားကြီးသည် (၃၀၄)ဘီစီတွင် အသောကမင်းသားကို ဖွားမြင် လေသည်။အသောကမင်းသား ဖွားမြင်သောခဏ၌ မိဖုရားကြီးမှာ နာကျင်ခံခက် ဝေဒနာနှိပ်စက်မှုမရှိဘဲ စိုးရိမ်မှုကင်းကွာ သားရတနာကို ဖွားမြင်ရသောကြောင့် အသောကမင်းသားဟုအမည်တော် မှည့်လေသည်။

## ဗိန္ဒုသာရမင်းကြီးဆန္ဒ

ဗိန္ဒုသာရမင်းကြီးမှာ အသောကမင်းသားအပြင် အခြား သုသီမမင်းသားနှင့် များစွာသော သားတော်တို့ရှိလေသည်။ထိုအထဲမှ သားကြီးရတနာ သုသီမမင်းသား ကိုသာ လိုလားတော်မူလေသည်။အသောကမင်းသားကိုမူကား စိတ်ကြမ်းကိုယ်ကြမ်း ရှိသူဖြစ်၍ မျက်နှာသာမပေးလှပေ။

## ဗိန္ဒုသာရမင်းကြီးမှူးမတ်တို့နှင့် တိုင်ပင်ခန်း

တစ်နေ့သော် မင်းကြီးသည် မိမိမျက်နှာလွှဲနတ်ရွာစံသောအခါ မည်သည့်သားတော်အားထီးနန်းလွှဲအပ်ရပါမည်နည်းဟုသမားဟူးရားပညာရှိမှူးမတ်များအား မေးမြန်းတော်မူသောအခါ။ ။

သမားဟူးရားပညာရှိများက အကောင်းဆုံး အစာအာဟာရကိုစားပြီး အကောင်းဆုံးအဝတ်ကိုဝတ်လျက် ကောင်းမြတ်သောနေရာ၌ ထိုင်နေသော သားတော်သည်သာ ရှင်ဘုရင်စင်စစ် ကေန်ဖြစ်ပါလိမ့်မည်ဟု လျှောက်တင်ကြလေသည်။

## ရှင်းလင်းချက်

အကောင်းဆုံးအစာအာဟာရကား ထမင်းဖြစ်၍ အကောင်းဆုံးအဝတ်ဆိုသည်ကား အကြမ်းထည်အဝတ်ဖြစ်၍ အကောင်းဆုံးနေရာကား ပညာရှိများက မြေကြီးဆိုလိုခြင်းဖြစ်သည်တဲ့။

မင်းကြီးမှာ စိတ်မချမ်းသာ အထက်ပါဟောဆိုချက်များအရ သားတော်အသောကမင်းသားနှင့်သာ ကိုက်ညီနေလေရာ အခြားသားတော်များမှာကား မင်းညီမင်းသားဖြစ်ကြသည်အားလျော်စွာ ကောင်းမြတ်သော ပွဲတော်ကိုစား ဝတ်လဲတော်ကိုဝတ် ကောင်းမြတ်သောနေရာများ၌သာ စံနေကြသည်။ အသောကမင်းသားကား အခြားမင်းသားများနှင့်ဆန့်ကျင်စွာနေလေရာ ဗိန္ဒုသာရမင်းကြီးသည် အသောကမင်းသားကို ထီးနန်းစည်းစိမ်မပေးလိုပေ။

သို့သော် ဗိန္ဒုသာရမင်းကြီးမကျန်းမာသောအခါ တက္ကသိုလ်ပြည်မှာလည်း သူပုန်သူကန်ထကြွနေသည့်အတွက် သားကြီးသုသိမကို သူပုန်သူကန်နှိမ်နင်းရန် တက္ကသိုလ်ပြည်သို့ စေလွှတ်လိုက်ရလေသည်။ မင်းကြီး၏ကျန်းမာရေးအခြေအနေ ဆုံးပါး [illegible] တော်အသောကမင်းသားကိုပင် ပါဋလိပုတ်နေပြည်တော်ထီးနန်းကို လွှဲအပ်လိုက်ရပေသည်။

### အသောကမင်းကြီး အဘိသိက်မခံ
### လေးနှစ်တိုင်တိုင် အပြင်ရန်ဖယ်ရှားခန်း

အသောကမင်းသားသည် ကာလိင်္ဂတိုင်းနှင့် စစ်ဖြစ်ရာဝယ် လူပေါင်းများစွာသေကြေပျက်စီးဒဏ်ရာ အနာတရရရှိသူများလည်း မြောက်မြားစွာပင်ဖြစ်သည်။

ထိုစကားသည်မှန်၏။ အသောကမင်းသားသည် ဖတူမိကွဲ ညီနောင်ကိုးကျိပ်ကိုး ယောက်(၉၉)တို့ကိုလည်း သုတ်သင်သတ်ဖြတ်ခဲ့လေသည်။မိတူဖတူ ညီတော် တိဿမင်းသား တစ်ဦးတည်းကိုသာ ချန်ခဲ့လေသည်။

## သံဝေဂယူဖွယ်

လူ့ဘုံခန်းဝါအသီးသီးမှာ အကောင်းနှင့်အဆိုး အလင်းနှင့်အမှောင် အတက်နှင့်အကျ ဆန့်ကျင်ဘက်တရားများသည် ဒွန်တွဲ၍ ရှိနေတတ်ပေသည်။ အကယ်၍သာ အသောကမင်း စစ်၏အနိဋ္ဌာရုံကိုလည်း မဖယ်ရှား ညီတော်နောင် တော်များကို သုတ်သင်ရာ၌လည်း သံဝေဂမပွားနိုင်က တိုင်းသူပြည်သားလူအများ ကစဏ္ဍာသောကဟူသောဘွဲ့အမည်ဖြင့် သမိုင်းတင်ကြလေတော့မည်။

သို့သော်စစ်၏ အနိဋ္ဌာရုံ သံသယ၏ လှည့်စားပုံမြင်ရတွေ့ရကြားသိရသော အခါ သံဝေဂများစွာဖြစ်ရှာလေသည်။ထို့ကြောင့်ပင် တိုင်းပြည်တစ်ခွင် ဓမ္မာသောက ပိယဒဿီ အသောက သီရိဓမ္မာသောကမဟာရာဇာဟု သမိုင်း စာမျက်နှာမှာ ထင်ရှားစွာ ကမ္ဘည်းမော်ကွန်းတင်ခဲ့ပါတော့သည်။

အသောကမင်းကြီးသည် ခမည်းတော်မင်းကြီးလက်ထက်က ပြုစုစောင့် ရှောက်ခဲ့သော တိတ္ထိရသေ့ခြောက်သောင်းတို့အား ဝတ်မပျက်ခဲ့ပေ။သို့သော် မိမိ စိတ်ထဲ၌ကား ထိုတိတ္ထိများကိုယုံကြည်မှုမရှိသလို နှစ်သက်မှုလည်းမရှိလှပေ။

## နိဂြောဓသာမဏေနှင့် တွေ့ဆုံခန်း

တစ်နေ့သော် သီရိဓမ္မာသောကမင်းကြီးသည် လေသာပြတင်းကိုဖွင့်၍ နန်းရင်ပြင်သို့ ငေးမောကြည့်ရှုလေရာ ဣန္ဒြေသိက္ခာပြည့်စုံစွာဖြင့် သပိတ်ပိုက်ကာ နန်းရင်ပြင်မှာ ကြွလှမ်းလာသော နိဂြောဓသာမဏေလေးအား မြင်တော်မူလေ သည်။

## သွေးကစကားပြောသည်

ထိုနိဂြောဓသာမဏေဆိုသည်မှာ အခြားသူမဟုတ်၊ အသောကမင်းကြီး၏ နောင်တော်သုမနမင်းသား၏ သားရတနာဖြစ်လေသည်။အကြောင်းကိုဆိုရသော်

စဏ္ဍာသောကဘဝအသောကမင်းကြီးသည် ညီတော်နောင်တော်(၉၉)ယောက်တို့အား လုပ်ကြံရာဝယ် မိမိ၏မောင်တော်သုမနမင်းသား လုပ်ကြံခံရကြောင်း ကြားရသည်နှင့် တစ်ပြိုင်နက် သုမနဒေဝီသည် ကိုယ်ဝန်အရင့်အမာနှင့်ပင်ပါဋလိပုတ်နေပြည်တော်မှ လွတ်ရာကျွတ်ရာခြေဦးတည့်ရာသို့ ထွက်ပြေးခဲ့ရှာလေသည်။

သုမနဒေဝီသည် မောဟိုက်ပင်ပန်း ခရီးဝေးသို့မလှမ်းနိုင် နေပြည်တော်နှင့်မနီးမဝေး စဏ္ဍာလရွာ၏အနီး ပညောင်ပင်၏အောက်၌ရှိသော ဇရပ်တစ်ဆောင်ပေါ်သို့နားနေခိုက် ကမ္မဇလေလှုပ်ကာ သားယောကျာ်းလေးကို ဖွားမြင်လေသည်။ သားရတနာကို ပညောင်ပင်အောက်၌ မွေးဖွားသောကြောင့် သားတော်လေး၏အမည်ကိုလည်း နိဂြောဓ(ပညောင်ပင်)ဟုမှည့်ခေါ်လေသည်။

စဏ္ဍာလရွာသူကြီးက သုမနဒေဝီသားအမိအား စောင့်ရှောက်ထားရာခုနစ်နှစ် မျှကြာ နိဂြောဓသားငယ်ခုနစ်နှစ်အရွယ်သို့ပင်ရောက်ခဲ့လေပြီ။

ထိုအခါ မဟာဝရုဏမည်သော ရဟန္တာအရှင်မြတ်က နိဂြောဓသူငယ်အားတစပဉ္စက ကမ္မဋ္ဌာန်းပေးကာ ရှင်သာမဏေပြုရာ သင်တုန်းဓားဆံပင်ထိစဉ်မှာပင် ထိုတစပဉ္စကမ္မဋ္ဌာန်းဖြင့် နိဂြောဓသာမဏေရဟန္တာဖြစ်တော်မူလေသည်။

## မာဂဓတိုင်းကား ဝါဒတွေကများ

မာဂဓတိုင်းဝယ်ဗြဟ္မဏအယူဝါဒက တစ်မျိုး သက်န်းရောင်ပုဆိုးကိုဝတ်သည့် ပဏ္ဍုရင်္ဂတိတ္ထိတို့ကတစ်ဖုံ ဒုစရိုက်ဆယ်ပါးကိုသာရှောင်ရှား ပရိဗ္ဗာဇကတိတ္ထိရဟန်းရောင်တို့ကတစ်သွယ် အဝတ်မပါဗလာကိုယ်ထည်းအချည်းနှီးသော တက္ကတွန်းတို့က တစ်ဖျာ ရေချိုး၊ မီးလှုံ၊ တုံးခုံ၊ ဇယ်ခတ်၊ ကိလေသာအနှောင့်အဖွဲ့ ငါတို့မှာမရှိ၊ ရဟန္တာဖြစ်ပြီဟု ကျုံးဝါးနေသော နိဂဏ္ဍတို့ကတစ်သီး ငါတို့ပြုလုပ်သမျှ မကောင်းမှုကို ငါတို့ကိုးကွယ်သော ထာဝရဘုရားသခင်ကခံယူလိမ့်မည်ဟု ကြွေးကြော်နေကြသော နတ္ထိကဝါဒီတို့ကလည်း တစ်နည်းဝါဒတွေအသီးသီးပြောဆိုနေကြသည်။

ထိုသည့်အခိုက် မိမိ၏တူတော်မှန်းပင်မသိ၊ နန်းရင်ပြင်ကြွလာ နိဂြောဓသာမဏေကိုမြင်သောအခါ မိမိနန်းတော်၌ နေ့စဉ်တွေ့နေကျအတုအရောင်များနှင့်မတူ ရင်ထဲကသဒ္ဒါစိတ်တစ်ဖိတ်ဖိတ်လျှံကာ ပီတိဖြာလျက် အမတ်တစ်ဦးကိုသာမဏေအား လိုက်ပင့်ချေဟု စေခိုင်း၍မှ ရောက်မလာခင် နောက်ထပ်အမတ်တစ်ဦး တစ်ဦးနှင့် အမတ်ပေါင်းများစွာ ပင့်ရန်လွှတ်ပါသော်လည်း သာမဏေအား

စက္ကုန္တြေခြ မနေးမမြန်သော ခြေလှမ်းတော်ဖြင့် နန်းတော်အဆောင်ပေါ်သို့ ကြွတော်မူလေသည်။

**အသောကမင်းနှင့်နိဂြောဓသာမဏေ ဆွေးနွေးခန်း**

မင်းကြီး။ ။ကိုရင်နှင့်လျောက်ပတ်ရာနေရာ၌ထိုင်တော်မူပါဟု လျှောက်ထားသောအခါ နိဂြောဓသာမဏေသည် ရှေ့နောက်ဝဲယာ မိမိထက်သိက္ခာဝါကြီးသော ရဟန်းသံဃာ မမြင်သည့်အတွက် မင်းကြီးအား ကျောင်းသားကပ္ပိယပမာ မိမိသပိတ်ကို လှမ်းပေးပြီး ထီးဖြူဆောင်းထားရာ ရာဇပလ္လင်ပေါ်သို့ တက်လှမ်းကာထိုင်နေတော်မူလေသည်။

အသောကမင်းကြီးသည် မိမိရင်ထဲမှာ ပီတိသောမနဿဖြစ်နေမှုဖြင့် ကြည်နူးဝမ်းသာ သပိတ်ထဲသို့ ဆွမ်းဘောဇဉ်များထည့်၍ နိဂြောဓသာမဏေအား ကပ်လှူလေသည်။

ထိုအခါ သာမဏေက ဤဆွမ်းကို ဥပဇ္ဈာယ်ဆရာအား လှူပါ၏

ဟုဆိုရာ မင်းကြီးကလည်း နောက်ထက်တစ်ဖန် ဆွမ်းအုပ်လှူပါ၏ စသည်ဖြင့် အလှူခံသူ အလှူပေးသူ ဆန္ဒတူစွာ တစ်ထိုင်တည်း နှင့်ဆွမ်းအိုးပေါင်း ခြောက်သောင်း (၆၀၀၀၀) အလှူခံရရှိတော်မူလေသည်။

မင်းကြီး။ ။သာမဏေသင်၏ အမျိုးအနွယ်သည် မည်သည့်အမျိုးအနွယ်ဖြစ်သနည်း။

သာမဏေ။ ။ကျွန်ုပ်၏အမျိုးအနွယ်ကားဗုဒ္ဓ၏ အမျိုးအနွယ်ဖြစ်သည်။

မင်းကြီး။ ။သင်သည် မည်သူ၏ အဆုံးအမကို ခံယူပါသနည်း

သာမဏေ။ ။ကျွန်ုပ်ကား ဂေါတမဗုဒ္ဓ၏ အဆုံးအမကို ခံယူပါသည်။

မင်းကြီး။ ။သာမဏေသည် မည်သည့်အယူဝါဒကို ယုံကြည်လက်ခံပါသနည်း။

သာမဏေ။ ။ကျွန်ုပ်သည် ဂေါတမဗုဒ္ဓ၏ အယူဝါဒကိုသာယုံကြည်လက်ခံပါသည်။

မင်းကြီး။ ။သာမဏေသင်တို့ဆရာဟောကြားဆုံးမသည့်တရားဒေသနာကို ကျွန်ုပ်အား ပြန်လည်ဟောကြားခြင်းငှာစွမ်းနိုင်ပါသလော။

သာမဏေ။ ။ကျွန်ုပ်သိသမျှ သင်မင်းကြီးအား ဟောကြားပါမည် တရားတော်

ကို နာယူပါလော့ အသင်မင်းကြီး။

**အပ္ပမာဒေါအမတံပဒံ၊ မမာဒေါမစ္စုနောပဒံ။**

**အပ္ပမတ္တာ နမိယန္တိ၊ ယေပမတ္တာ ယထ္တာမတာ။ ။** (ဓမ္မပဒ–အပ္ပမာဒဝဂ်)

မင်းကြီး မမေ့မလျော့ မပေါ့ဆသော သူသည် သေခြင်းကင်းရာနိဗ္ဗာန်သို့ ရောက်နိုင်ပေ၏။ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေသောသူကား သေခြင်း၏ အကြောင်းပေတည်း။ မမေ့မလျော့မပေါ့မဆ သတိတရား လက်ကိုင်ထားသော ပုဂ္ဂိုလ်တို့မှာ သေသည် မမည်ကြကုန်၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေသော ပုဂ္ဂိုလ်တို့ကား လူပင်မသေပေမယ့် သူသေကောင်နှင့်တူသည်သာလျှင်တည်း။ စသည်ဖြင့် ဓမ္မပဒအပ္ပမာဒဝဂ်လာဒေသနာကိုဟောကြားလိုက်သောအခါအသော က မင်းကြီးသည် သရဏဂုံသုံးပါးနှင့် ငါးပါးသီလတည်သော မင်းအဖြစ် ရောက်ခဲ့ ပါသည်။

## စဏ္ဍာသောကမှ ဓမ္မာသောကဖြစ်ပေါ်လာပုံ

စဏ္ဍာသောကဘဝမှ တူတော်နိဂြောဓသာမဏေနှင့်တွေ့၍ ဗြဟ္မဏ ပဏ္ဍာရက်ပရိတ်ဗ္ဗာဇကစသော တိတ္ထိပေါင်းခြောက်သောင်းတို့ကိုကိုးကွယ်ဆည်းကပ် ခြင်းမှ ရုပ်သိမ်းလျက် ရတနာမြတ် သုံးပါး တရားစစ်တရားမှန် သိမြင်လာသောအခါ ဗုဒ္ဓသာသနာ့ကို ကြည်ညိုလေးစား သာသနာအကျိုး တိုင်းသူပြည်သား ကောင်းကျိုး သယ်ပိုးရွက်ဆောင်ကာ စေတီ၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြဿဒ်အရပ်ရပ်တို့ ဆောက်လုပ်လှူဒါန်း စေတီပေါင်း ရှစ်သောင်းလေးထောင်မျှ တည်ထားကာ လူ ရောနတ်ပါ အားလုံးသောပုဂ္ဂိုလ်တို့အား ကုသိုလ်ပွားစေတော်မူခဲ့ပါသည်။

## တတိယသင်္ဂါယနာ တင်တော်မူ

[illegible] (၂၃၆)ခုနှစ်သို့ရောက်သောအခါ သီရိဓမ္မာသောကမင်းကြီးကိုဒါယကာပြု လျက် အရှင်မောဂ္ဂလိ ပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာ တစ်ထောင်တို့ ပါဋလိပုတ် နေပြည်တော် အသောကာရုံကျောင်းတော်ကြီး၌ကိုးလပတ်လုံးသင်္ဂါယ နာ တင်တော်မူကြပါသည်။

## ထီးပြိုင်နန်းပြိုင်

ထိုအခါ မဇ္ဈိမဒေသပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းကြီး နန်းစံနှစ်(၁၈)နှစ် ကျွန်ုပ်တို့မြန်မာနိုင်ငံ သရေခေတ္တရာပြည်၌ ရန်ပေါင်းမင်းနန်းစံ(၁၂)နှစ်ဖြစ်သည်။ထို့ပြင် သီရိဓမ္မာသောကမင်းနှင့် ရန်ပေါင်းမင်းတို့ထီးပြိုင်နန်းပြိုင် ဖြစ်လေသည်ကို သတိပြုပါ။

## သီရိဓမ္မာသောကမင်းနှင့်ပြည်သူပြည်သားတို့၏ကျန်းမာရေး

သိရိဓမ္မာသောကမင်းကြီးသည် မိမိ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းသူပြည်သားများနှင့် နိုင်ငံပြင်ဘက်ရှိ ပြည်သူပြည်သားများအား ဆေးဝါးကုသ ကျန်းမာရေး ပြည့်စုံစေရန် ဆေးပေးခန်း၊ ဆေးရုံများ ဖွင့်လှစ်ပေးစေပြီး ကျန်းမာရေး အတွက် စောင့်ရှောက်တော်မူပါသည်။

## ကမ္ဘာသူ၊သား ဝေနေယျ(သတ္တဝါ)တို့၏ ရှေ့ဆောင်လမ်းညွှန် မြတ်ဗုဒ္ဓဘုရားရှင်

ကျွန်ုပ်တို့၏ အားထားကိုးကွယ်ရာ မြတ်ဗုဒ္ဓလောင်းလျာသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးဖြာ၊ ပါရမီတော်တို့ကိုဖြည့်ဆည်းတော်မူကာ ဘုရားအဖြစ်သို့မရောက်မီ တာဝတိံသာ နတ်ပြည်၌ သေတကေတုနတ်သားအဖြစ်ဖြင့် စံနေတော်မူရာ ဗြဟ္မာနတ်ဒေဝါ အပေါင်းတို့က လူ့ပြည်သို့ ပြောင်းကာ သန္ဓေယူလျက် ဝေနယျများစွာသတ္တဝါတို့အား လမ်းညွှန်ဆုံးမ သဗ္ဗညုတအဖြစ်ဖြင့် ကယ်တင်တော်မူရန် တောင်းပန်ကြသော အခါ သေတကေတုနတ်သားသည် ကြည့်ခြင်းကြီးငါးပါးဖြင့် ကြ[illegible]သက် ကြွေ၍ ကပ္ပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဓန မင်းကြီး၏ တောင်ညာစံထား မဟာ မာယာမိဘုရား၏ ဝမ်းကြာတိုက်တွင် သန္ဓေနေတော်မူခဲ့ပါသည်။

သန္ဓေယူပြီး ဆယ်လအကြာ ကဆုန်လပြည့်နေ့မှာ ဆွေတော်မျိုးတော်များ စံရာ ဒေဝဒဟာပြည်သို့အသွား လုမ္ဗိနီဥယျာဉ်တော်အတွင်းဝယ် ကမ္ဘဇလေလှုပ်ရှား

ဘုရားအလောင်းတော်သတို့သားကို ဖွားမြင်တော်မူပါသည်။

သိဒ္ဓတ္ထနာမတွင်ခေါ် ဘုရားအလောင်းတော်ကို ဖွားမြင်တော်မူပြီး မဟာသက္ကရာဇ်(၈၄) ခုနှစ် သက်တော်(၁၆)အရွယ် ဘိမ္ဗာရွှေလျော် ယသော်ဓရာ မင်းသမီးနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပြီး သားတော်ရာဟုလာကိုဖွားမြင်တော်မူခဲ့ပါသည်။

ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် (၉၇)ခု သက် တော် (၂၉)နှစ်အရွယ်တွင် နတ်တို့သည် ဖန်ဆင်း၍ပြအပ်သော သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီး(၄)ပါးတွေ့မြင်သောအခါ သံဝေဂပွားလျက် တောထွက်ကာ ရဟန်းပြုတော်မူကာ ဥရုဝေဠတောအတွင်းဝယ် ဒုက္ကရစရိယ အကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပြီး မဟာ သက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့ ဗုဒ္ဓဟူးနေ့နံနက် အာရုဏ်တက်တွင် မာရ်ငါးပါးကို အောင်တော်မူပြီး လောကသုံးခွင် ဘုံအပြင်၌ အတုမရှိ မုနိထွဋ်ထား သဗ္ဗညုအဖြစ်သို့ ရောက်တော်မူပါသည်။

မြတ်ဗုဒ္ဓသည် သစ္စာသိမြင် ဘုရားရှင်ဖြစ်တော်မူပြီး (၄၅)ဝါ ကာလကြာ အောင် ဝေနေယျများစွာ ကျွတ်ထိုက်သောသတ္တဝါတို့အား တရားဓမ္မဟောကြားလမ်းညွှန် သိမြင်တော်မူစေပြီး သက်တော်(၈၀) ဝါတော်(၄၅)ရောက်သောအခါ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်းဝယ် မြောက်သို့ ဦးခေါင်းပြုကာ မဟာသက္ကရာဇ် (၁၄၈) ခုကဆုန်လပြည့် အင်္ဂါနေ့ဝယ် ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီး၌ပင်. . . .

**ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တယာမိဝေါ။**

**ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။** ။ ဟု ရဟန်းရှင်လူ နတ် ဗြဟ္မာ အဆူဆူတို့အား ပရိသတ်လေးပါး ချစ်သား၊ ချစ်သမီးတို့ ငါဘုရားရှင်ကိုသာ ကြည့် ကြပေတော့ ရုပ်၊ နာမ်ဓမ္မ သင်္ခါရတရားတို့သည် ပျက်တတ်သည့်အတွက် မမေ့ မလျော့မပေါ့ဆသော အပ္ပမာဒသတိတရားနှင့်ပြည့်စုံစွာနေရစ်ကြကွယ်ဟု နောက်ဆုံးပစ္ဆိမဝစနအနေအားဖြင့် မိန့်ကြားတော်မူခဲ့ရှာလေသည်။

...ငါကြည်ညိုသံဝေဂပွားစရာ မြတ်ဗုဒ္ဓလောင်းလျာသည် ပဋိသန္ဓေ နေတော်မူသည်မှစ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး တောဇောခတ် လောင်တော်မူသည် အထိ ကြည်နူးဝမ်းသာကြည်ညိုဖွယ်ရာနှင့်သံဝေဂပွားစရာ လင်္ကာလေးမှာ "မ၊သိ၊ ကြ၊လျှင်၊တွေး၊ဆ၊ဦး" ဟူသော ဤလင်္ကာတိုလေးဖြင့် မှတ်သားကြရန် တင်ပြပါ မည်။

(မ) ကြာသပတေးနေ့ (၆၇)ခုဝါဆိုလပြည့်နေ့ မြတ်ဗုဒ္ဓလောင်းလျာ၏

ပဋိသန္ဓေ ယူတော်မူပါသည်။
(သိ) သောကြာနေ့ (၆၈)ခုနှစ် ကဆုန်လပြည့်နေ့ ဖွားမြင်တော်မူသည်။
(ကြ) တနင်္လာနေ့ (၉၇)ခုနှစ် ဝါဆိုလပြည့်နေ့ တောထွက်တော်မူသည်။
(လျှင်) ဗုဒ္ဓဟူးနေ့ (၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့ဘုရားဖြစ်တော်မူသည်။
(တွေး) စနေနေ့ (၁၀၃)ခုနှစ် ဝါဆိုလပြည့်နေ့ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသည်။
(ဆ) အင်္ဂါနေ့ (၁၈၄) ကဆုန်လပြည့်နေ့ ပရိနိဗ္ဗာန်စံတော်မူပါသည်။
(ဦး) တနင်္ဂနွေနေ့ (၁၄၈)ကဆုန်လဆုတ်(၅)ရက်နေ့ တေဇောဓာတ် လောင်တော်မူပါသည်။ ဓာတ်တော်အစစ် ဉာဏ်နှင့်သေချာ စိစစ်ပူဇော်တတ်ပါစေ။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီး ကိုယ်တော်၏ ဉတုဇရုပ်ကလပ်တော် ကို နံ့သာထင်းပုံသို့ တင်၍ တေဇောဓာတ်မီးလောင်မြိုက်သောအခါ အရေအသားအကြောတော်များ လောင်မြိုက်ကုန်ဆုံးသရီရဓာတ်တော် ပမာဏအားဖြင့် တစ်တင်း ခန့်ကြွင်းကျန်ပြီး (၁) ညှပ်ရိုးတော်နှစ်ဆူ (၂) စွယ်တော်မြတ်လေးဆူ (၃) နဖူးသင်း ကျစ်တော်တစ်ဆူ ဤခုနစ်ဆူတို့ကား မူလအရိုးဓာတ်တော်အတိုင်း မကြေမကွဲ အသန္တိန္န ဓာတ်တော်အနေအားဖြင့်တည်ပါသည်။

အခြားသောဓာတ်တော်များကား အစိတ်စိတ်ကွဲပြားသဖြင့် အလတ်စားကား ထက်ဝက်ကျိုးသော ဆန်ကျိုးခံနီ အကြီးဆုံးပဲနောက်စေ့ခန့် အငယ်ဆုံးကားမုံညင်းစေ့ခန့် အရွယ်အစားအမျိုးမျိုးအားဖြင့် တချို့ကား မြလေးငုံ တစ်ချို့ကားရေဆေးထားသော ပုလဲလုံးအဆင်းပမာ ဓာတ်တော်များဖြစ်ပါသည်။

## ဓာတ်တော်အရွယ်အစားနှင့်အရောင်အဆင်း အရေအတွက်များ

| အရွယ်အစား | ပမာဏ | အရောင်အဆင်း | အရေအတွက် |
|---|---|---|---|
| အကြီးစား | ပဲနောက်စေ့ခန့် | ရွှေရောင် | ငါးပြည် |
| အလတ်စား | ဆန်ကွဲကျိုးခန့် | ပုလဲရောင် | ငါးပြည် |
| အငယ်စား | မုန်ညှင်းစေ့ခန့် | မြလေးငုံရောင် (ချယားစေ့ရောင်) | ခြောက်ပြည် |

မလ္လာမင်းတို့သည် မြတ်ဗုဒ္ဓ၏ သန္တိန္န၊ အသန္တိန္န နှစ်ဖြာကွဲပြားဓာတ်တော်များကို လက်နက်ကိုင်အစောင့်ချထားလျက် (၇)ရက်တိုင် ထိုမြတ်ဗုဒ္ဓ၏ ရုပ်ပနပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပကြပါသည်။

## ဓာတ်တော်များ ပင့်ဆောင်ကြခန်း

အဇာတသတ်မင်း စသော ခုနစ်ပြည်ထောင်မင်းတို့သည် ယခုအခါ ဂေါတမဗုဒ္ဓကား ပရိနိဗ္ဗာန်ဝင်စံခဲ့လေပြီ။ ငါတို့မှာ မြတ်ဘုရား၏ ဓာတ်တော်များကိုသာ ကိုးကွယ်ပူဇော်ကြရတော့မည်ဟု –

(၁) ရာဇဂြိုလ်ပြည့်ရှင်ဘုရင်အဇာတသတ်မင်း
(၂) ဝေသာလီပြည် လိစ္ဆဝီမင်းသားများ
(၃) ကပ္ပိလဝတ်ပြည်သား သာကီဝင်မင်းများ
(၄) အလ္လကပ္ပပြည်သား ဗလမည်သောမင်းတို့သည်လည်းကောင်း
(၅) ထိုမှတစ်ပါး ရွာမရွာသား ပုဝဏ္ဏာတို့သည်လည်းကောင်း
(၆) ပါဝေယျကတိုင်းသား မလ္လာမင်းတို့သည်လည်းကောင်း
(၇) ဝေဌဒီပတိုင်းသား ပုဏ္ဏားတို့သည်လည်းကောင်း

ဤကဲ့သို့ ခုနစ်ပြည်ထောင်သောမင်းတို့သည် မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးသည်နှင့် ကြားသိလျှင်ကြားသိချင်း ဓာတ်တော်များကို ပူဇော်လိုမှုအကြောင်းပြုကာ တမန်များ စေလွှတ်ရုံမျှမက အသီးသီးသော စစ်တပ်ကြီးများဖြင့် ချီတက်ကာ ထွက်လာကြတော့သည်။

ထိုအခါ ဓာတ်တော်များကိုစုယူလိုသော ခုနစ်ပြည်ထောင်မင်းတို့နှင့် ကုသိနာရုံပြည်သား မလ္လာမင်းတို့ အငြင်းပွားကြလေရာ ဒေါနပုဏ္ဏားကြီးသည် ခုနစ်ပြည်ထောင်မင်းများ ဓာတ်တော်ရလိုမှုကြောင့် စစ်ခင်းကာ သွေးချောင်းစီးမည့်အရေး မျှော်တွေးဆင်ခြင်လျက် ညီညွတ်မျှတသဘောတူသော အများဆန္ဒဖြင့် ဓာတ်တော်များကို ကုသိနာရုံပြည်သာ မလ္လာမင်းများအပါအဝင် ရှစ်ပြည်ထောင်မင်းတို့အား ရှစ်ပုံပုံကာ အညီအမျှခွဲဝေပေးလိုက်လေသည်။

ရှစ်ပြည်ထောင်သောမင်းတို့သည် မိမိရသောဝေစုဓာတ်တော်များကို မိမိတို့ တိုင်းပြည်၌ စေတီတည်ကာ ဓာတ်တော်များကို ဌာပနာ၍ ကိုးကွယ်ပူဇော်ကြပါသည်။

### စေတီရှစ်ဆူတည်တော်မူ

၁။ မဂဓတိုင်း ရာဇဂြိုလ်ပြည်၌ အဇာတသတ်မင်းတည်သောစေတီတစ်ဆူ
၂။ ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့တည်သော စေတီတစ်ဆူ
၃။ ကပိလဝတ်ပြည်၌ သာကီဝင်မင်းတို့တည်သော စေတီတစ်ဆူ
၄။ အလ္လကပ္ပပြည်သား ဗလမည်သောမင်းတို့တည်သော စေတီတစ်ဆူ
၅။ သာဝတ္ထိပြည်၌ ကောသလမင်းကြီးတည်သော စေတီတစ်ဆူ
၆။ ဝေဋ္ဌဒီပတိုင်း၌ ဗြဟ္မာတို့တည်သော စေတီတစ်ဆူ
၇။ ပါဝါပြည်၌ မလ္လာမင်းတို့တည်သော စေတီတစ်ဆူ
၈။ ကုသိနာရုံပြည်၌ မလ္လာမင်းတို့တည်သော စေတီတစ်ဆူ
အားဖြင့်စေတီရှစ်ဆူတည်ထား ကိုးကွယ်ကြသည်။

ဇိနတ္ထပကာသနီ နှာ–၇၃၇
တိုးတက်ရေး – ၉၃

### ဆရာစားချန်သောဒေါနပုဏ္ဏား

ဒေါနပုဏ္ဏားကြီးသည် ဒိသာပါမောက္ခဆရာကြီးဖြစ်ရာ ရှစ်ပြည်ထောင်မင်းများအပေါ်၌ သြဇာအရှိန်အဝါကလည်းကြီးမားလှ ဉာဏ်ပညာကလည်းရှိ ကိုယ်ကျင့်သိက္ခာနှင့်လည်း ပြည့်စုံ စကားနားမထောင်သူမင်းများ မရှိချေ။

ဒေါနပုဏ္ဏားကြီးသည် ရှစ်ပြည်ထောင်မင်းတို့အား ဓာတ်တော်များဝေပြီး အသန္တိန္နဓာတ်တော်များကိုတွေ့သောအခါ လက်ယာအထက်စွယ်တော်ကို မိမိ၏ ဦးပေါင်း (ခေါင်းပေါင်း) အတွင်း၌ ဝှက်ထားလိုက်လေ၏။ သိကြားမင်းသည် ဤ ဒေါနပုဏ္ဏားကြီးကား စွယ်တော်မြတ်ကို ထိုက်တန်စွာ ပူဇော်နိုင်မည်မဟုတ်၊ ပုဏ္ဏား၏ ခေါင်းပေါင်းအတွင်းမှ စွယ်တော်ကို မိမိတန်ခိုးဖြင့်ပင့်ကာ တာဝတိံသာ နတ်ပြည် စူဠာမဏိစေတီ၌ ဌာပနာလိုက်သည်။

လက်ဝဲအထက်စွယ်တော်ကို အပေါ်ဝတ်ရုံ၏တဘက်ကြား၌ ဝှက်ထား လိုက်ပြန်ရာ ဂန္ဓာရတိုင်းမှ ဗျာဒိတ်တော်ရရှိဟန်းတစ်ပါးက ပူဇော်လို [illegible] မွန်မြတ်သောစိတ်ဖြင့် ပင့်ဆောင်ယူသွားပြီး ဂန္ဓာရတိုင်းစေတီယတောင်၌ စေတီတည်ပြီး ဌာပနာလိုက်လေသည်။

အရှင်သာရိပုတ္တရာ၏ တပည့် ခေမာမည်သောရဟန္တာအရှင်မြတ်သည် လက်ဝဲအောက်စွယ်တော်တစ်ဆူ စန္ဒကူးထင်းပြာပုံထဲ၌ တွေ့မြင်၍ တန်ခိုးတော်ဖြင့် ပင့်ဆောင်တော်မူပြီး ဒန္တပူရမြို့ဗြဟ္မဒတ်မင်းအားပေးအပ်ပူဇော်စေလိုက်လေသည်။

ပုဂံပြည်ရှင်အနော်ရထာမင်းကြီးသည် သီဟိုဠ်ကျွန်း၌ မြတ်ဗုဒ္ဓ၏ လက်ဝဲအောက်စွယ်တော်ရှိကြောင်း သတင်းစကားကြားသောအခါ ဆင်ဖြူတော် တစ်စီးနှင့် လက်ဆောင်ပဏ္ဏာများစွာပေးပို့ပြီး စွယ်တော်မြတ်ကို ပင့်ဆောင်စေရာ စွယ်တော်စစ်ကိုမရ စွယ်တော်ပွားတစ်ဆူကိုသာ သီဟိုဠ်သဃ်ဗောဓိမင်းက ဆက်သ လိုက်သည်။

## စွယ်တော်လေးဆူဌာပနာတော်မူ

အနော်ရထာမင်းကြီးသည် သီဟိုဠ်မင်းမှဆက်သလိုက်သော စွယ်တော် မြတ်ကို ရွှေစည်းခုံစေတီတော်မှာဌာပနာ၍ ထိုစွယ်တော်မှပွားသော ပထမစွယ်တော် ကို တန့်ကြည့်တောင်စေတီတော်၌ ဌာပနာ၍ ဒုတိယစွယ်တော်ပွားကို လောကနန္ဒာ ဘုရားမှာ ဌာပနာပြီး တတိယစွယ်တော်ပွားကို တူရွင်းတောင်စေတီတော်၌ ဌာပနာ ခဲ့လေသည်။

## ဆက်ပါဦးမည် ..... လက်ဝဲဖက်အောက်

စွယ်တော်ကား ဤမျှနှင့်ဇာတ်လမ်းမပြီးသေး အေဒီ(၁၆)ရာစု ပေါ်တူဂီများ ဝင်ရောက်တိုက်ခိုက် သီဟိုဠ်တစ်ကျွန်းလုံးကိုသိမ်းပိုက်နိုင်သော်လည်း စွယ်တော် တိုက်ကိုသိမ်းယူရန်အသွား မမျှော်လင့်သော ခုခံတိုက်ခိုက်မှုနှင့် ကြုံရလေသည်။

စွယ်တော်တိုက်ကိုစောင့်နေသော ရဟန်းသံဃာတို့သည် လှေခွက်ကြီးကြဲ အလံမလဲ ဖွဲ့နဘဲကြီးစွာ ခုခံတိုက်ခိုက်ပါသော်လည်း ခေတ်မီသေနတ် လက်နက် များဖြင့် တရစပ် ပစ်ခတ်ကြရာ ရဟန်းတော်များ များစွာ ပျံလွန်တော်မူကြသည်။ ရဟန်း တော်များ၏ ခုခံမှုကြောင့် ပေါ်တူဂီစစ်သားအများအပြားလည်း ကျဆုံးကြ သည်ဟု (ပေါ်တူဂီတို့၏ မှတ်တမ်း)၌တွေ့ခဲ့ကြရပါသည်။ သတိပြုစရာ။

ထိုအချိန်က ဟံသာဝတီ(ပဲခူး)မင်းနေပြည်တော်၌ ဘုရင့်နောင်မင်းတရား ပြု[illegible]ရှိသည်။ ပေါ်တူဂီတို့၏ ရက်စက်ယုတ်မာကြမ်းတမ်းသော စကား များကြားရသောအခါ ဘုရင့်နောင်မင်းတရားကြီးသည် အမျက်ဒေါသ ခြောင်းခြောင်း ထ၍ ချီတက်တိုက်ခိုက်သိမ်းပိုက်မည်ဟုဒေါသအလျောက် ကြိမ်းဝါးလိုက်သော်လည်း ပေါ်တူဂီနိုင်ငံဟူသည် ဘယ်မှာမှန်းမသိ ပညာရှိ အမတ်ကြီးများနှင့် တိုင်ပင်သော အခါ မိုင်ပေါင်းများစွာဝေးကွာ ပင်လယ်ကြီးပါခြားနေကြောင်း သံတော်ဦး တင် လျှောက်ကြမှ ပေါ်တူဂီတို့ထံရောက် စွယ်တော်ကို ရအောင်ယူ သီဟိုဠ်မင်းအား

တစ်ဖန်ပြန်ကာလက်ဆောင်ပေးမည်ဟု မိန့်ကြားတော်မူလေသည်။

နောက်တစ်နေ့ ညီလာခံသဘင်ဝယ် မိစ္ဆာငမိုက်သားပေါ်တူဂီများထံမှ ဥရောပ ရွှေဒင်္ဂါးအပြားခြောက်သောင်း (ရွှေပိဿာချိန်၆၀၀)ပေးလျှင် ပေါ်တူဂီများက ရောင်းလိမ့်မည်ဟုလျှောက်တင်ရာ အမတ်ကြီးများစုံစမ်းကာသွား၍ စွယ်တော်မြတ်ကိုဝယ်ရန် လွှတ်လိုက်သောအခါ ပေါ်တူဂီနိုင်ငံဂိုအာမြို့တော်ဝန်က ရောင်းရန်သဘောတူသော်လည်း ဂိုဏ်းအုပ်ဆရာများက ကန့်ကွက်ကြလေသည်။ ထိုအခါ ဂိုဏ်းချုပ်ဆရာကြီးက သီဟိုဠ်မင်းကိုလည်း ပြန်မအပ် မြန်မာဘုရင့်နောင်မင်းမြတ်ကိုလည်းမရောင်း စွယ်တော်ကိုထုချေပြီး ပင်လယ်တွင်းသို့မျှောပစ်မည်ဟု ပြောဆိုကာ ဂိုဏ်းချုပ်ဆရာကြီးက ရှေ့ဦးစွာ ကျည်ပွေ့ဖြင့်ထု ထို့နောက် ဂိုအာမြို့တော်ဝန်၊ အမတ်ကြီး၊ စစ်သူကြီးစသောပုဂ္ဂိုလ်တို့ ထုကြသောအခါ မှုန့်မှုန့်ညက်ညက် ကြေမွသွားလေတော့သည်။

ပေါ်တူဂီစစ်တပ်အပြီးသတ်ဆုတ်ခွာပြီးသောအခါသီဟိုဠ်ဘုရင်သဃ်ဗောဓိမင်းက အောက်စွယ်တော်နှင့်သက်ဆိုင်သောအကြောင်းတို့ကား လွန်ခဲ့သော အနှစ်(၄၅၀)လောက်မှာ ဖြစ်ပျက်ခဲ့သောအကြောင်းအရာ သုတေသီများလေ့လာနိုင်စေရန် သမိုင်းဆိုင်ရာအထောက်သာဓက တင်ပြလိုက်ရပါသည်။

## ပခုက္ကူမြို့သားများဂုဏ်ယူဝင့်ကြွားစရာ

အထက်ပါလက်ဝဲအောက်စွယ်တော်မြတ်ကို သီဟိုဠ်ဘုရင်များ အဆက်ဆက်ထိန်းသိမ်းကိုးကွယ်ခဲ့ကြသည်။(၁၂၉၂)ခုနှစ် လွန်ခဲ့သော(၇၂)နှစ်ကာလက (၂)ခုသမိုင်းမှတ်တမ်းတင်သူ အရှင်မြတ်(၂)နှစ်သားအရွယ်)ပခုက္ကူမြို့ဇာတိ၊ မြင်သာရပ်၊ ပဝတ္တိကျောင်းကုန်းမြို့နေ ဒါယကာဦးသာထက်သည် ယခုသီရိလင်္ကာ ယခင်သီဟိုဠ် ・ နိုင်ငံသို့ရောက်ရှိခဲ့ပြီး စွယ်တော်တိုက်ကြီးတစ်တိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုစွယ်တော်တိုက်ကြီးကား လေးထပ်တိုက်သံကူကွန်ကရစ်အဆောက်အအုံဖြစ်၍ အရှေ့အနောက်တိုင်ပေါင်း(၂၀)၊ တောင်မြောက် တိုင်တန်း စုစုပေါင်း တိုင်ပေါင်း (၈၀)၊ အခန်းပေါင်း(၁၉)ခန်းပါဝင်၍ ငွေဒင်္ဂါး ကျပ်တစ်သိန်း(၁၀၀၀၀၀)ကုန်သည်။ ယနေ့တိုင်တွေ့မြင်မှုဒိတာပွား ပခုက္ကူသားများ ဂုဏ်ယူဝင့်ကြွားစရာပါတကား။

အို ・ စာရှုသူတို့ ဒေါ်နပုဏ္ဏားကြီးခမျာ စွယ်တော်များကို သိုဝှက်ထားသော်လည်း သူကိုယ်တိုင်ကားမရလိုက်၊ မြတ်ဗုဒ္ဓ၏ နဖူးသင်းကျစ်တော်သည် သီဟိုဠ်

နိုင်ငံ တိဿမဟာစေတီတော်၌လည်းကောင်း၊ လက်ဝဲညှပ်ရိုးတော်သည် ထိုနိုင်ငံ အနုရာဓမြို့တူပါရာမစေတီ၌လည်းကောင်း တည်ရှိသည်ဟု ရာဇဝံသကျမ်းများ၌ ဆိုသည်။ ဒေါနပုဏ္ဏားကြီးသည် ရှစ်ပြည်ထောင်မင်းတို့အား မြတ်ဗုဒ္ဓ၏ သမ္ဗိန္န ဓာတ်တော်များကို အညီအမျှပေးသဖြင့် မိမိတို့ တိုင်းပြည်သို့ အသီးသီး ပင့်ဆောင် သွားကာစေတီတော်တည်ထားကိုးကွယ်ကြလေသည်။ ဒေါနပုဏ္ဏားကြီးမှာ ဓာတ် တော်ဝေစုမရသဖြင့် ရှစ်ပြည်ထောင်မင်းတို့အားပန်ကြားကာ ဓာတ်တော်ထည့်သော "ရွှေအိုး"ကို ဌာပနာ၍ "ကုမ္ဘစေတီ"ဟု တည်ထားပါသည်။

ဝေသာလီပြည်သားသာကီဝင်မင်းသားတို့မှာလည်း နောက်မှရောက်လာ ဓာတ်တော်ဝေစုမရသဖြင့် တေဇောဓာတ်လောင်တော်မူရာ ဌာနမှ "မီးသွေးကိုသာ" ယူဆောင်ကြလျက် အင်္ဂါရစေတီ တည်ထားကိုးကွယ်ကြလေသည်။

ဗုဒ္ဓဝံသပါဠိတော်
ဓာတုဘာဇနီယကထာ ၃၈၃

## အသမ္ဘိန္နဓာတ်တော်အကြောင်း သိကောင်းစရာ

နဖူးသင်းကျစ်တော် တစ်ဆူ
စွယ်တော် လေးဆူ
ညှပ်ရိုးတော် နှစ်ဆူ ဤခုနစ်ဆူသော ဓာတ်တော်များသည် မပြိုမကွဲ ရွှေတုံးရွှေချောင်းပမာ တည်နေကြသောကြောင့် အသမ္ဘိန္နဓာတ်တော်ဟု ခေါ်ခြင်း ဖြစ်ပါသည်။

## အသမ္ဘိန္နဓာတ်တော်တို့၏ တည်နေတော်မူရာ

၁။ နဖူးသင်းကျစ်တော်သည် သီဟိုဠ်ကျွန်း၌ တည်ပါသည်။
၂။ လက်ဝဲညှပ်ရိုးတော်သည် ရှုပါဝစရပြဟ္မာပြည်၌ တည်ပါသည်။
၃။ လက်ယာညှပ်ရိုးတော်သည် သီဟိုဠ်ကျွန်း၌ပင်တည်ပါသည်။
၄။ အထက်လက်ယာစွယ်တော်သည် ဒေါနပုဏ္ဏားကြီးဦးရစ်ပေါင်းအတွင်း၌ ဝှက်ထားရာ တာဝတိံသာ သိကြားမင်းက တန်ခိုးနှင့် ပင့်ဆောင်၍ နတ်ပြည် စူဠာမဏိစေတီ၌ ဌာပနာပါသည်။
၅။ အောက်လက်ယာစွယ်တော်သည် ဇယသေနနဂါးမင်းက ပင့်ဆောင်သွား ကာ နဂါးပြည်၌ တည်ထားကိုးကွယ်ပါသည်။

၆။ အထက်လက်ဝဲစွယ်တော်သည် ဂန္ဓာရတိုင်း၌တည်ထားပူဇော်ပါသည်။
၇။ အောက်လက်ဝဲစွယ်တော်သည် ကာလိင်္ဂတိုင်း ကာလိင်္ဂမင်းတို့က
တည်ထားပူဇော်ပါသည်။

မြတ်ဗုဒ္ဓ၏ ရုပ်ကလာပ်တော်တေဇောဓာတ်လောင်စဉ်မီးမငြိမ်းသေးမီ ဗြဟ္မာတို့က တန်ခိုးဖြင့် ပင့်ဆောင်ကာ လက်ဝဲညှပ်ရိုးတော်ကို ဗြဟ္မာပြည်၌ ပူဇော်ထားပါသည်။

၈။ လက်ယာညှပ်ရိုးတော်ကို သိကြားမင်းကပင် တာဝတိံသာနတ်ပြည် စူဠာမဏိ စေတီမှာပင်ကိုးကွယ်ပူဇော်ထားပြီး သီဟိုဠ်ကျွန်းထူပါရုံစေတီတော်၌ အရှင်မဟိန္ဒကျေးဇူးကြောင့်ဒေဝါနံပိယတိဿ မင်းကြီးနှင့်တကွ တိုင်းသားပြည်သူပူဇော်ကြရသည်။

ဗုဒ္ဓဝံသပါဠိတော်
ဓာတုဘာဇနီယကထာ ၃၈၄

## သာသနာပြုလိုသောမင်းနှင့် တွေ့ကြုံတတ်သော အခက်အခဲများ

သီရိဓမ္မာသောကမင်းကြီးသည် တူတော် နိဂြောဓသာမဏေကို အကြောင်းပြု၍ အသောကာရုံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး (၆၀၀၀၀)သော ရဟန်းသံဃာတို့အား နေ့စဉ်ဆွမ်းအုပ်ပေါင်း(၆၀၀၀၀)တို့ဖြင့် သာသနာတော်ကို အလွန်ကြည်ညိုသဒ္ဓါစေတနာပိုလေရာ တိတ္ထိတို့ဘောင်မှ မိမိဘာသာ သက်န်းဝတ်လျက် ရဟန်းကောင်းများနှင့်ရောနှောအစားချောင်၍နေထိုင်ကြသောအခါ ရဟန်းကောင်းတို့သည် ရဟန်းတုရဟန်းယောင်တို့နှင့်ဥပုသ် ပဝါရဏာမပြုကြသည်မှာ ခုနစ်နှစ်တာမျှကြာ သွားသောအခါ ဗြဟ္မဒတ်အမတ်ကြီး(သာသနာရေးဝန်ကြီး)အားရှေ့တော်သို့ ခေါ်အမိန့်တော်ရှိသည်မှာ –

ရဟန်းသံဃာတော်တို့အား ဥပုသ်ပါဝရဏာမပြုမနေပြုရမည်ဟု အသင်အမတ်ကြီးသွားရောက်စီမံရမည် အမိန့်တော်ရှိလေသည်။

ဗြဟ္မဒတ်ဝန်ကြီးနှင့်တကွ အမတ်မိုက်တို့သည် သံဃာတော်တို့အား ဥပုသ် ပြုရန် လျှောက်ထားရာ သံဃာတု သံဃာယောင်များကပြေးကာလွှားကာ ဝင်ရောက် ပါသော် လည်း သံဃာစစ်၊ သံဃာမှန်တို့က အတူတကွ ဥပုသ်မပြုနိုင်ဟု ငြင်းဆန်ကြ သောအခါ သံဃာတော်တို့အား ရက်စက်စွာ လည်ဖြတ်သတ်ကြလေသည်။

## ဤနေရာ၌သတိထားဖွယ်တစ်ချက်တင်ပြရပေမည်

အို. . . စာရှုသူအပေါင်းတို့ မင်းကြီး၏ မိတ္တူဖတ္တူ အိမ်ရှေ့စံတိဿမင်းသား သံဝေဂရပုံအာရုံပြုကာ အတုယူကြစို့။

တစ်နေ့မှာ တိဿအိမ်ရှေ့မင်းသားသည် တောကစားထွက်လာရာ အသောကာရုံကျောင်းတိုက်နားရောက်သောအခါ တိတ်ဆိတ်ငြိမ်သက်စွာ သီတင်းသုံးနေသည့်အတွက် ဆူသံညံသံဘာသံမျှမကြား တိဿမင်းသား စဉ်းစားသည်မှာ တောသမင်များဟာ နေဇာမြက်သာ စားရသော်လည်း မြူးထူးပျော်ပါး ဆော့ကစားနေကြသေး၏။ သြော်. . နောင်တော်မင်းမြတ်လှူဒါန်းအပ်သော ကောင်းမွန်လှစွာ အစာဘောဇဉ်များကို စားနေကြရသောရဟန်းများကား အိပ်စက်နေကြလေယောင် တကားဟု ဆင်ခြင်စဉ်းစား တောကစားမှအပြန် နောင်တော်ဘုရင်အား အထက်ပါ အကြောင်းကို ပြန်ပြောင်းလျှောက်ထားလေသည်။ နောင်တော်မင်းမြတ် အမိန့်တော်မှတ်မည် အမိန့်တော်ကိုနာခံစေ. . .

ညီတော်သည် မင်းပြစ်မင်းဒဏ်မလျော်ကန်သော အမှုတစ်ခုပြုထားသည့်အတွက် သေဒဏ်စီရင်ရမည်။ သို့သော်သေဒဏ်အမိန့်မချမီ ညီတော်အား ဤပါဠလီပုတ်နေပြည်တော်ကြီးအား ထီးနန်းအုပ်ချုပ်မင်းလုပ်စေ (ခုနစ်ရက်စေ့က) ကားစင်တင်သတ်စေဟု အမိန့်တော်မှတ်လိုက်ရာ တစ်နေ့မှ စိတ်မချမ်းသာ(၇)ရက်ပြည့်က ငါသေရမှာပါကလားဟု သေခြင်းတရားအဖန်ဖန်စဉ်းစားမရဏာနုဿတိဘာဝနာပွားများကာ နေရှာလေတော့သည်။

(၇)ရက်မြောက်သောအခါ "ဘယ့်နှယ်လဲ ညီတော် မင်းစည်းစိမ် (၇)ရက်စံရ ပျော်ပိုက်ပါရဲ့လား"

"မှန်လှပါ (၇)ရက်ရှိကညီတော်သေရမည့်အရေးကြံတွေးကာတစ်နေ့မှ မပျော် ပါဘုရား"

"အိမ်း ငါကိုယ်တော်ကိုးကွယ်ပူဇော်ထား သံဃာစစ်၊ သံဃာမှန်များဟာ [illegible]ကောစဉ်းစားပွားများကြပြီးဆိုင်ရာ ပေစ္စဝေက္ခနာ ဆင်ခြင်နေထိုင်ကြခြင်းသာ ဖြစ်ပေသည်ဟု အသောကမင်းကြီးကမိန့်ကြားသောအခါ ညီတော်တိဿသည် ရဟန်းဘာဝဒုလ္လဘကို ခွင့်ပန်ရှာလေတော့သည်။

ညီတော်တိဿမင်းသား ရဟန်းဘာဝရရှိပြီးသောအခါ ဗြဟ္မာဒါဏ်အမတ်နှင့် အမတ်မိုက်များက ဥပုသ်အိမ်မဝင်သော ရဟန်းများအား လည်ဖြတ်သတ်၍ ညီတော်တိဿရဟန်းအလှည့်ရောက်သောအခါ မသတ်ဝံ့သောကြောင့် မင်းကြီးထံ

တစ်ဖန်သွားရောက်၍ ညီတော်တိဿရဟန်း အလှည့်ရောက်နေပါပြီဘုရား ဟု သံတော်ဦးတင်ရာ အသောကမင်းကြီးက မည်ကဲ့သို့ဆောင်ရွက်ကြသနည်းဟု မေးမြန်းသောအခါ ကျွန်တော်မျိုးများ ဥပုသ်အိမ်သိမ်မဝင် ဥပုသ်မပြုသော ရဟန်းများအား လည်ပင်းကို ဖြတ်သတ်ကြပါသည်ဘုရား ဟု သံတော်ဦးတင်ရာ အသောကမင်းကြီးခမျာ ထိတ်လန့်တုန်လှုပ်စွာ ငါက သံဃာတော်များဥပုသ်ပြုရန်သာ နိုင်းပါလျက် သင်တို့က ရဟန်းကောင်းပေါင်းများစွာ သတ်မိလေကြပြီဟုမိန့်တော်မူပြီး အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ် ကိုပင့်ပြီးလျှင် ရဟန်းစစ်ရဟန်းမှန်နှင့် ရဟန်းတု ရဟန်းယောင် တိတ္ထိတို့အားခွဲခြား စိစစ်တော်မူစေပြီး ရဟန်းတုရဟန်း ယောင်တိတ္ထိတို့အား သာသနာတော်မှ နှင်ထုတ်ကာ လူထွက်စေလေသည်။ ဤကဲ့သို့ သာသနာတော် သန့်ရှင်းစင်ကြယ်မှ သံဃာတော်များ စုပေါင်းညီညာညီညွတ်စွာဖြင့် ဥပုသ်ပြုတော်မူကြပါသည်။

## ရှစ်သောင်းလေးထောင်စေတီတည်ရန် စိတ်ရည်သန်

အသောကမဟာရာဇာသည် တစ်နေ့သောအခါ အသောကာရုံကျောင်းတော်သို့သွား၍ ကြီးစွာသောအလှူတော်ကို (၆၀၀၀၀)သောရဟန်းတော်တို့အား လှူဒါန်းပြီးလျှင် ပစ္စည်းလေးပါးဖြင့်လည်း ဖိတ်မန်လျှောက်ထားလေသည်။

သီရိဓမ္မာသောကမင်းကြီးသည် ရဟန်းတော်တို့အား အရှင်မြတ်တို့ဘုရား မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သောတရားတော်တို့ကား အဘယ်မျှရှိပါသနည်းဟု လျှောက်ထားသောအခါ။

သံဃာတော်တို့က ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည် ဒါယကာ မင်းမြတ်။

သီရိဓမ္မာသောကမင်းကြီးသည် တရားတော်အပေါ်၌ ကြီးမားသော သဒ္ဒါတရားဖြစ်ပွားကာ ဓမ္မက္ခန္ဓာတစ်ပါးတစ်ပါးကိုရည်၍ တစ်ဆူ၊ [illegible] စေတီတော်တို့ကို တည်တော်မူလိုသော အဓိပတိအားကြီးတော်မူသည်ဖြစ်၍ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော်များ ပင့်ဆောင်ခွင့်ရလျှင် ကောင်းလေစွာဟု တောင်းတတော်မူလေ၏။

ထိုအခါ ရဟန္တာအရှင်မြတ်တို့က ဒါယကာမင်းမြတ်ရာဇဂြိုဟ်ပြည့်ရင် ဘုရင် အဇာတသတ်စကြောမအတတ်ပညာဖြင့် စက်ယန္တရားများစွာ တပ်ဆင်ကာ

ရာဇဂြိုဟ်မြို့၏ အရှေ့တောင်ထောင့်အရပ်၌ အတောင်ရှစ်ဆယ်မျှနက်သောတွင်းကို တူးကာ ဓာတ်တော်များဌာပနာလျက် ရှစ်ကျိပ်သော မဟာသာဝကတို့၏ စေတီ များ အခိုင်အလုံတည်ထားဌာပနာတော်မူခဲ့ပါသည်။

တစ်နေ့သောအခါ ဘိက္ခုနီမတစ်ပါးသည် မိမိခုနစ်နှစ်သမီးအရွယ်က မိမိ၏ ဆရာဘိက္ခုနီမကြီးနောက်မှ ပန်းနံ့သာဆီမီး ကိုင်စွဲလိုက်ပါခဲ့ရဖူးသည်။ ဆရာရဟန်းမ က နိမ့်ရာမြေမှ ပူဇော်တာကို တွေ့ရဖူးသည်ဟု ပြောကြားသောအခါ မင်းကြီးသည် ရဟန်းမလေးပြောစကားအရ ဓာတ်တော်ဌာပနာရာ မင်းပရိသတ်ခြံရံ၍ ဌာပနာတော်တိုက်တပ်အပ်သေချာရှိမည့်နေရာကို တူးဖော်စေရာ...

ပထမကျောက်အင်္ဂတေအမိုးတို့ကို ဖယ်ခွာ ဒုတိယအုတ်ကြွပ်၊ အမိုး၊ တတိယ သံအမိုး၊ စတုတ္ထကြေးဖြူ အမိုး၊ ပဥ္စမ ကြေးနီအမိုး၊ ဆဋ္ဌမ သလွဲဖြူအမိုး၊ သတ္တမ သလွဲမည်းအမိုးတို့ကို အစဉ်အတိုင်း ဖယ်ခွာပြီး ရတနာအတိပြီးသော ပြဿသ်ဘုံ ဆောင်ကို တံတိုင်းခုနစ်ထပ် ကာရန်ကာ ဓားလှံ၊ သံလျက်စွဲကိုင်၍ အသက်ရှိသော လူသားကဲ့သို့ ပြေးသွားလှုပ်ရှား ယန္တရားစက်ရုပ်များကို မင်းကြီးနှင့်တကွ ပရိသတ်တို့မြင်ကြသောအခါ ရင်သပ်ရှုမော အံ့သြစွာရှိကြကုန်၏။

အသောကမင်းကြီးသည် ဤယန္တရားစက်အတတ်ကို ဖျက်ဆီးနိုင်သူရှိအံ့ ဆုလာဘ်များစွာ ပေးသနားမည်ဟုကြွေးကြော်စေရာ ရောမတိုင်းသား မူလစက်ယန္တရားဆရာကြီး၏ သားမြေးတို့ ကြားလေရာ အသပြာကိုယူ၍ မင်းကြီးထံ မှောက်ရောက်လာကြသည်။

အသောကမင်းကြီးသည် စက်ယန္တရားကို ဖျက်ဆီးစေလျက် တံတိုင်း၊ ခုနစ်ထပ်ကိုဖယ်ရှားလိုက်သောအခါ မင်းကြီးနှင့်တကွ ပါလာသမျှ ရဟန်းသံဃာမင်း ပရိသတ်များပါ ပီတိလွှမ်းဖြာလက်အုပ်ချီသုံးကြိမ်ဖူးမြော်ပြီး ဓာတ်တော်များကို ပင့်ဆောင်ကာ ပါဋလိပုတ်နေပြည်တော်သို့ ကြွချီခဲ့လေသည်။

## "တတိယသင်္ဂါယနာ" တင်ရန်အကြောင်းဖန်လာ

အသောကမဟာရာဇာသည် သာသနာ့ဘေးရန်ငြိမ်းစေပြီးရာ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်အား နောင်သောအခါ သာသနာတော်၏ ဘေးရန် အန္တရာယ်ကို ဖျက်ဆီးနှောင့်ယှက်ချောက်ချားခြင်းငှာ မစွမ်းနိုင်အောင်သေချာဃန သံဂါယနာတင်ရန်လျှောက်ထားလျက် မိမိကိုယ်တိုင်က ပစ္စယာနုဂ္ဂဟ ဒါယကာ

ခံယူပါမည် ဟုလျှောက်ထားပြီး မိမိနေပြည်တော် အာသောကရုံကျောင်းတော်ကြီး၌ သံဃာပေါင်း ခြောက်သန်း(၆၀၀၀၀၀၀) စည်းဝေးညီမူကာ တတိယသင်္ဂါယနာ-တင်တော်မူကြပါ သည်။

ထိုအခါ တတိယသင်္ဂါယနာတင်သာသနာဦးဆောင် အရှင်မဟာမောဂ္ဂလိပုတ္တမထေရ်၏ သက်တော်(၇၂)နှစ်သာသနာသက္ကရာဇ် (၂၃၅)နှစ်ကိုးလတိုင်တိုင် သင်္ဂါယနာပွဲသီတင်းကျွတ်လပြည့်နေ့အပြီးအဆုံးသို့ရောက်ပါသည်။

**သတိပြုရန်**

သာသနာတော်ကို ဆီးနင်းမြှုတ်မိသူရိန်ကင်းကွာ ထွန်းလင်း တောက်ပစေတော်မူသော တတိယသံဂါယနာအရှင်မောဂ္ဂလိပုတ္တသာမထေရ်မြတ် သည် သာသနာသက္ကရာဇ်(၂၄၃)သက်တော်(၈၀)ပရိနိဗ္ဗာန်စံတော်မူပါသည်။

သာသနာ့ဒါယကာ သီရိဓမ္မာသောက မဟာရာဇာလည်း သာသနာတော်ကို အန္တိုင်းမဲ့ထွန်းလင်းတောက်ပစေတော်မူပြီး သာသနာသက္ကရာဇ်(၂၅၅) မင်းစည်းစိမ်(၃၇)နှစ်အရောက်တွင် ဘဝနတ်နန်းပြောင်းစံမြန်းလေသည်။

ပါရာဇိကဏ်အဋ္ဌကထာ
ပ. ၄၈ ။

## ကြည်ညိုဖွယ်ရာသံဃာ

ဤနေရာ၌ သာသနာတော်ဝယ်သံဃာစစ်၊ သံဃာမှန်များဟာ မြတ်ဗုဒ္ဓအဆုံးအမသာသနာတော်ကို အသက်ပေး၍စောင့်ရှောက်ခဲ့ကြပုံ ယနေ့ဗုဒ္ဓဘာသာဆိုသူများ လေ့လာနိုင်ရန် သမိုင်းသာဓကအနည်းငယ်တင်ပြပါရစေ။

သာသနာသက္ကရာဇ်(၄၃၀)နှစ်တွင် သီဟိုဠ်ပြည့်ဝဋ္ဋဂါမဏိမင်းနန်းစံ ငါးလရှိသောအခါ တိုင်းကားပြည်ရွာ လုယက်ဖျက်ဆီးဒွန်းစဏ္ဍားသူပုန်ဘေးကြီးဆိုက်ရောက်ရာ မိုးကလည်းခေါင် အစာရေစာရှားပါးဒုက္ခများနေကြသောအခါ သိကြားမင်းသည် သီဟိုဠ်ကျွန်းသို့ ဆင်းလာ၊ ဖောင်ရတနာဖလ်ဆင်းလျက် အရှင်မြတ်တို့ဘုရား ယခုအခါ ပရိယတ္တိ(စာချစာသင်)ပဋိပတ္တိ(ရုပ်နာမ်နှစ်ပါးကို ဆင်ခြင်[illegible] ခြင်း ဤသီဟိုဠ်ကျွန်း၌ မဖြစ်နိုင်တော့ပါ မြတ်ဗုဒ္ဓ၏ သာသနာမပြတ်အောင်ရွက်ဆောင်နိုင်မည့် ဇမ္ဗူဒိပ်ကျွန်းသို့ ပို့ဆောင်ပေးပါမည်။ သီဟိုဠ်ကျွန်း၌ ဘေးရန်ငြိမ်းမှပြန်ကြွတော်မူကြပါဘုရားဟု လျှောက်ထားပို့ဆောင်ရာ သံဃာများစွာ သဘောဆိပ်သို့ဆင်းပြီး သိကြားမင်း၏ ရတနာဖောင်တော်ဖြင့် ဇမ္ဗူဒိပ်သို့ ကြွတော်မူကြပါသည်။

## ခြောက်ကျိပ်သံဃာ အထူးကြည်ညိုဖွယ်ရာ

ထိုအခါ ခြောက်ကျိပ်သော သံဃာတော်တို့သည် သီဟိုဠ်ကျွန်းမှာ ကျန်ခဲ့ကြလျက် အရှင်မြတ်တို့ဘုရား တပည့်တော်များ ဘေးရန်ပုန်းရှောင်မြတ်ဗုဒ္ဓ၏ သာသနာတော်ကို မကွယ်မပျောက်ရအောင် စားရသမျှ အာဟာရဖြင့်ပင် စောင့်ရှောက်နေပါမည်ဘုရားဟု ဇမ္ဗူဒိပ်ကြွသံဃာများအား လက်အုပ်ချီကာ လျှောက်ထားကြပြီး ဒက္ခိဏာမလယဇနပုဒ်(ရွာကြီး)၏ တောအုပ်အတွင်းမှ သစ်ဥ၊ သစ်သီး၊ သစ်ရွက်တို့ဖြင့် အသက်ဇီဝိတိန္ဒြေမျှတစေ၍ (၁၂)နှစ်ပတ်လုံးမြတ်ဗုဒ္ဓ၏ ပိဋကတ်သုံးပုံအာဂုံဆောင် မပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်းတော်မူကြရုံမျှမက သစ်သီးစသည်မရနိုင်သောအခါ ဆာလောင်ခြင်းပြင်းပြ၍ နှုတ်ဖြင့် မရွတ်ဆိုနိုင်ပူလောင်သောဝမ်းအေးချမ်းစေရန် သဲချောင်းသို့ကြွ တစ်ဖက်အပါး(၃၀)စီ ခေါင်းချင်းဆိုင်ကာ ဝမ်းအောက် အေးမြသော သဲခုလျက် သာသနာတော်၏ အသက်ပိဋကတ်သုံးပုံ မကွယ်မပျောက်စေရန်စောင့်ရှောက်တော်မူကြပါသည်။

(၁၂)နှစ်လွန်မြောက် ဗြဟ္မဏာတိဿသူပုန်ဘေးကြီး ငြိမ်းအေးသောအခါ ဇမ္ဗူဒိပ်ကြွ သံဃာတော်များနှင့် သီဟိုဠ်မှာ ကျန်ခဲ့ငြား ခြောက်ကျိပ်သော သံဃာတော်များ ပိဋကတ်သုံးပုံပါဠိတော်နှင့်တကွ အဋ္ဌကထာများပါ တိုက်ဆိုင် ရွတ်ဆိုကြရာ အက္ခရာတစ်လုံးကစ မကွဲမပြား တူညီစွာ ရွတ်ဆိုတော်မူနိုင်ကြသည်မို့ ဝမ်းမြောက်ဝမ်းသာ သာသနာ့တာဝန်ကြေပွန်ခဲ့ကြပြီးဟု ပီတိ၊ နှလုံး ရွှင်ပြုံးတော်မူကြပါသည်။ သြော် သာသနာ့တကယ့်သူရဲကောင်းများကား ကြည်ညိုဖွယ်အတုယူဖွယ်ပါတကား။

## သတိပြုရန်

သာသနာနှစ်(၄၄၅) သဒ္ဓါတိဿမင်း၏သား ဝဋ္ဋဂါမဏိမင်း ဒုတိယနန်းစံ(၆) နှစ်မြောက်ရောက်သောအခါ နောင်အနာဂတ်ကာလမှာ ပုဂ္ဂိုလ် သတ္တဝါတို့ သတိ၊ ပညာ၊ သမာဓိအားမျှားပါ ယုတ်လျော့ကြကာ အာဂုံနှုတ်တက် မဆောင်ရွက်ကြတော့မည့်အရေး ကြံတွေးလျက် စိုးရိမ်ကြီးစွာ ရဟန္တာမထေရ်ကြီး (၅၀၀)တို့အား ပင့်ဆောင်ကြလျက် သီဟိုဠ်ကျွန်း မလယဇနပုဒ် အသောကလိုဏ်ဂူ၌ ဝဋ္ဋဂါမဏိမင်းကြီးက ဒါယကာခံယူပြီး သံဃာတော်များကပါဠိအဋ္ဌကထာ ပိဋကတ်သုံးပုံအလုံးစုံကို အနှစ်(၄၅၀)အရောက်၌ ပေထက်အက္ခရာတင်ကာ ရေးသားတော်

မူပြီး အကြိမ် (၁၀၀)မျှ တိုက်ဆိုင်သုတ်သင်သံဂါယနာ တင်တော်မူကြပါသည်။ ထိုကဲ့သို့ ပေထက်အက္ခရာ တင်တော်မူကြသည်ကိုပင် "စတုတ္ထသင်္ဂါယနာ" ဟု သာသနာ့သမိုင်း၌ ကမ္ဗည်းတင်ခဲ့ကြပါသည်။

## ကိုးတိုင်း ကိုးဌာန သာသနာပြုစေလွှတ်ခြင်း

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် နောင်သောအခါ သာသနာတည် မည့်အရပ် ကြည့်ရှုတော်မူသည်ရှိသော် ပစ္စန္တရစ်အရပ်များ၌ သာသနာတည်လတ္တံ့ သည်ကို မြင်တော်မူ၍ သာသနာသက္ကရာဇ် (၂၃၅)နှစ်တန်ဆောင်မုန်းလပြည့်နေ့ ၌ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်တော်မူကာ မိမိကိုယ်တိုင်လည်း အသက် နှင့်အမျှ သာသနာတော်ကိုစောင့်ရှောက်တော်မူခဲ့လေသည်။

ကိုးတိုင်းကိုးဌာန

၁။ သီဟိုဠ်ကျွန်းသို့ မဟာမဟိန္ဒမထေရ်
၂။ သုဝဏ္ဏဘုမ္မိ (သထုံပြည်)သို့ သောဏမထေရ်နှင့်ဥတ္တရမထေရ်
၃။ ယောနကအရပ်သို့ မဟာရက္ခိတမထေရ်
၄။ ဝနဝါသီတိုင်းသို့ ရက္ခိတမထေရ်
၅။ အပရန္တတိုင်းသို့ ယောနကဓမ္မရက္ခိတမထေရ်
၆။ ကသ္မီရဂန္ဓာရတိုင်းသို့ မဇ္ဈန္တိကမထေရ်
၇။ မဟိသကအရပ်သို့ မဟာရေဝတမထေရ်
၈။ မဟာရဋ္ဌတိုင်းသို့ မဟာဓမ္မရက္ခိတမထေရ်
၉။ စိနရဋ္ဌစိန့်တိုင်းသို့ မဇ္ဈိမမထေရ်

ဤကဲ့သို့ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ပါသည်။

ပါရာဇိကဏ်အဋ္ဌကထာ - ယ. ၄၈

## အမှာ

ဤနေရာ၌ မူကွဲများစွာ တွေ့ရပါသည်။ ခွင့်လွှတ်ကာကြည့်နိုင်ပါစေ။

## ဘူမိနတ်သန်နေရာမှန်

သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်အရှည်ခန့်၍ တည်တံ့စေရန် ရည်သန်ပြီး သာသနာသက္ကရာဇ်(၂၃၅)နယုန်လကွယ်နေ့ ဘီစီ(၃၀၈)ခုနှစ်၌ ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတော်ကြီး၌ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာပေါင်း(၁၀၀၀)တပို့တွဲလပြည့်အထိ သင်္ဂါယနာ တင်တော်မူကြပါသည်။ (မူကွဲ)

## မြန်မာရဟန္တာအရှင်မြတ်နှစ်ပါး

တတိယသင်္ဂါယနာတင်ပွဲအပြီး အသောကမင်းကြီးသည် အဇာတသတ်မင်း၏ ဓာတ်တော်များကို ပြည်တွင်းပြည်ပစေတီတော်များတည်ရန် သံဃာတော်အား လျှောက်ထားသောအခါ အရှင်ဣန္ဒဂုတ္တမထေရ်သည် လက်လေးသစ်မျှသာရှိသော ရုပ်ပွားတော်များပြုလုပ်စီမံကာ ရုပ်ပွားစေတီပေါင်း(၈၄၀၀၀)ရရှိသောအခါ ထိုရုပ်ပွားစေတီတော်များအတွင်း၌ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော်များကို ဌာပနာသွင်းတော်မူလေသည်။

## မုဋ္ဌောကိုးဆူတည်တော်မူရန်

ထိုကဲ့သို့ ဓာတ်တော်များ ဌာပနာပြီးတိုင်း သံမှို့ရွှေမယ်နလေးချက်စွဲပြီး ရွှေတစ်မိုက်ပြည့်စေတီတစ်ဆူစီကို ရွှေပြားပိဋကတ်တော်(၃)ပုံဌာပနာသွင်း စေတီတည်ကာ ကိုးကွယ်စေခဲ့ပါသည်။

အရှင်ယောနကဓမ္မရက္ခိတမထေရ်ကြီးသည် အပရန္တတိုင်းသို့ကြွတော်မူလာပြီး ရှင်မတောင်တော်(ရှမ်းမတောင်တော်) ဗဟိုရ်ပြုကာ မုဋ္ဌောစေတီခြောက်ဆူ တန့်ကြည့်တောင်ကိုဗဟိုရ်ပြုကာ မုဋ္ဌောစေတီ သုံးဆူတည်ထားတော်မူပါသည်။

မုဋ္ဌောစေတီ(၉)ဆူတည်ထားရာ၌ တစ်ဆူနှင့်တစ်ဆူ(၁၆)မိုင်(၈)တိုင်အသီး သီးခြားလေသည်။ အသောကမင်းကြီးသည် စေတီပေါင်းရှစ်သောင်းလေးထောင်တည်ရာတွင် သဲကျောက်စသည် ကြိုတင်စီမံစေ၍ လကိုရာဟုဖမ်းသော (လကြတ်သောအချိန်) တစ်ပြိုင်နက် စေတီအပြီးတည်စေပြီး လကိုရာဟုဖမ်းရာမှ လွတ်သော အချိန်နှင့်တစ်ပြိုင်တည်းပြီးစေလျှင် အမှောင်တွင်းမှ လွတ်ကင်းခြင်းဟူသော အတိတ် တဘောင်နိမိတ်ဆောင်ကာ မုဋ္ဌောစေတီ(မုဋ္ဌောစေတီ)ဟုဘွဲ့တော်အမည်ခေါ်တွင် ကြလေသည်။နောင်သောအခါ ရွှေသက်န်းများကပ်လှူကြသဖြင့် ရွှေရောင်

အဆင်းဝင်းလက်စွာ ဖူးမြင်ကြရသဖြင့် ရွှေတလုံးကိုးကာ ရွှေမုဋ္ဌောစေတီဟု ဘွဲ့အမည်ခေါ်တွင်ခဲ့ပါသည်။

## သာသနာသုံးဖြာပွင့်ထွန်းလာ

ယောနကဓမ္မရက္ခိတမထေရ် တတိယသင်္ဂါယနာတင်ပွဲမှအပြန် အပ်နှင်းလိုက်သော ဓာတ်တော်ကြုတ်နှင့်ရွှေရုပ်ပွားစေတီ ကိုးဆူတို့ကို တည်ပြီးသည်မှစ၍ မြန်မာနိုင်ငံတော်ကြီးမှာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ် အရှေ့ဥဒိတောင်စွန်းမှ ထွက်ပေါ်လာသော နေဝန်းလဝန်းပမာထွန်းလင်း စည်းကားပါတော့သည်။

## မုဋ္ဌောကိုးဆူတည်ရှိရာဒေသ

၁။ ရှင်မတောင်တော် အလောင်းစည်သူမင်းမှ မူလစေတီငုံကာ စေတီတော်ကြီး တည်ထားခဲ့သည်။
၂။ ရေစကြိုရွှေမုဋ္ဌော မူလပုံတော်အတိုင်း နရပတိစည်သူ ပြုပြင် ကိုးကွယ်သည်။
၃။ မအူလေးရွာရွှေမုဋ္ဌော အလောင်းစည်သူမူလစေတီငုံ၍ စေတီကြီး တည်ထားခဲ့သည်။
၄။ ပခုက္ကူဗုဒ္ဓကုန်းရွှေမုဋ္ဌော မူလစေတီအတွင်း၌ထားအပြီး စေတီတော်ကြီး ပေါက်ခါ စလေမင်းခွေးမှ ပြုပြင်သည်။
၅။ ရွှေအုံးတောက်မုဋ္ဌော ချောက်တောင်းရွာအလောင်းစည်သူမင်းကြီး ဥာပနာ၍ စေတီကြီးတည်သည်။
၆။ ဂေါတမမုဋ္ဌောကမ္ဘစ်ပြင်ရွာအနီးမူလပုံတော်အတိုင်း အနော်ရထာမင်းကြီး ပူဇော်သည်။
၇။ တန့်ကြည့်တောင် မူလပုံတော်ကိုငုံ၍ အနော်ရထာမင်းကြီး စေတီကြီး တည်ကာကိုးကွယ်သည်။
၈။ ရွှေမြင်တင်မုဋ္ဌော မြိုင်မြို့ အလောင်းစည်သူမင်းကြီးငုံ၍ စေတီကြီး တည်သည်။
၉။ ရွှေပေါင်လောင်မုဋ္ဌော ပေါက်မြို့နယ် နရပတိစည်သူ မူလအတိုင်း

ပူဇော်သည်။

(ဒေါက်တာသက်လွင်မှဌေးကိုးဆူတည်တော်မူမှ)

## အလောင်းစည်သူမင်းကြီးနှင့်မှဌေးကိုးဆူ

ပုဂံ(ပေါက္ကံ)နေပြည်တော်မင်းဆက်(၄၅)မြောက် အလောင်းစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်တော်မူပြီး သာသနာသက္ကရာဇ် (၁၁၆၀)ပြည့် ကောဇာသက္ကရာဇ် (၄၇၈)နှစ် ကဆုန်လပြည့် ကြာသပတေးနေ့(၂၇–၄–၁၁၁၆)မှစ၍ သာသနာ သက္ကရာဇ်(၁၁၆၁)ခုနှစ် ကောဇာသက္ကရာဇ်(၄၇၉)နှစ် တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့ (၁၁–၉–၁၁၁၇)အထိ တစ်နှစ်နှင့်ခြောက်လအတွင်း မှဌေးကိုးဆူ တည်တော်မူခဲ့ပါသည်။

| | | | |
|---|---|---|---|
| ၁။ | အောင်သာ | မှဌေး | တစ်ဆူ |
| ၂။ | တပြက်သာ | မှဌေး | တစ်ဆူ |
| ၃။ | မြေးစု | မှဌေး | တစ်ဆူ |
| ၄။ | ယမုံကျွန်း | မှဌေး | တစ်ဆူ |
| ၅။ | မင်းတလင်း | မှဌေး | တစ်ဆူ |
| ၆။ | ရွှေညောင်အုပ် | မှဌေး | တစ်ဆူ |
| ၇။ | တမုဆိုး | မှဌေး | တစ်ဆူ |
| ၈။ | မြင်းမကိုင်း | မှဌေး | တစ်ဆူ |
| ၉။ | တပေါက်ဝ | မှဌေး | တစ်ဆူ |

ဤကဲ့သို့ တည်ထားကိုးကွယ်ခဲ့ပါသည်။

### အမှာ

ဖော်ပြပါ မှဌေးကိုးဆူတို့တွင် ပုသိမ်ရွှေမှဌေးမှအပ ကျန်ရှစ်ဆူတို့သည် ပေါက္ကံ(ပုဂံ)ပြည်၏ ပတ်ဝန်းကျင် ဧရာဝတီမြစ်၏ အနောက်ဘက်၌ ရှိသည်ကို သတိပြုပါ။

## ပခုက္ကူအမှတ်(၁)ဗုဒ္ဓကုန်းရပ်ရှိ ရွှေမုဋ္ဌောစေတီတော်ကြီး ကြည်ညိုဖွယ်ရာ တည်ထားကြပာန်

ရွှေမုဋ္ဌောစေတီတော်ကြီး တည်ထားစဉ်က ဉာဏ်တော်မှာ ထိပ်အညွန့်အထိ (၃)တောင်တစ်မိုက် မိုက်အားဖြင့်ဆယ်မိုက်သာရှိကြောင်း ဇိနတ္ထပကာသနီကျမ်း၌ ဖော်ပြထားပါသည်။

ယခုလက်ရှိစေတီတော်၏ ဉာဏ်တော် အနေအထားမှာ

၁။ ပလ္လင်အခြေမှ ထိပ်အညွန့်ထိ (၅)တောင်(၂)မိုက် ပေအားဖြင့် (၈)ပေ(၆) လက်မ။

၂။ ပလ္လင်အမြင့်မှာ (၁)တောင်(၁)မိုက်(၂)ပေ။

၃။ ပလ္လင်အထက်(၄)တောင်(၁)မိုက်(၆)ပေ၊ (၆)လက်မ။

၄။ ပလ္လင်အကျယ်(၄)တောင်(၆)ပေ။

၅။ ကြာလံမှ စေတီတော်၏ လုံးပတ်(၁၀)တောင်(၁)ထွာ(၁၅)ပေ(၉)လက်မ။

၆။ ထီးတော်အမြင့်(၁)တောင်(၁)မိုက်(၂)ပေ။

၇။ ထီးတော်အကျယ်(၂)မိုက်(၁)ပေ။

အသီးအသီးကြည်ညိုဖွယ်ရာပြုပြင်တည် ထားခဲ့ကြပါသည်။

### အားကျဖွယ်ရာရှေးမင်းမြတ်များ၏ ထူးကဲစေတနာ

သီရိဓမ္မာသောကမင်းကြီး စေတီပေါင်း (၈၄၀၀၀)တည်ထားစေရာဝယ် တစ်ဆူအပါအဝင် ဖြစ်သော ဤပခုက္ကူရွှေမုဋ္ဌောစေတီတော်ကြီးဉာဏ်တော်နှင့်လုံးပတ်တော်ရှိလာခြင်းမှာ သီရိဓမ္မာသောကမင်းကြီးကစ စလေမင်းခွေးတိုင်အောင် မင်းကိုးဆက် ပြုပြင်သွားကြခြင်းကြောင့် ကြည်ညိုဖွယ်ရာဖူးတွေ့ရခြင်း ဖြစ်ပါသည်။

ရှေးဆရာတော်ကြီးများနှင့်
ရှေးလူကြီးသူမများမိန့်ကြားချက်များ
ဖြစ်ပါသည်။

(၁) ဒေါက်တာသက်လွင်၏ မုဋ္ဌောကိုးဆူတည်တော်မူစာတန်းတွင် သာသနာ သက္ကရာဇ်(၂၃၆)နှစ် ဘီစီ(၃၀၇)မှာ သီရိဓမ္မာသောကမင်းကြီး စတင်တည်တော်မူသည်။
(၂) ဒုတိယပြုပြင်သူမှာ အေဒီ(၉၀၆-၉၁၅)အရောက် စလေငခွေးမင်းဖြစ်သည်။
(၃) တတိယပြုပြင်သူမှာ အေဒီ(၁၄၀၂-၁၄၂၁) ကောဇာသက္ကရာဇ်(၇၆၄-၇၈၃) နှစ်၌ အင်းဝပထမမင်းခေါင်ဖြစ်သည်။
(၄) ထိုမှနောက်၌ ဆရာတော်ကြီးများလမ်းညွှန်မှုဖြင့် ပါရမီရှင်များကပြုပြင်ကြသည်။ ဟုသူ၏ စာတမ်းမှာတွေ့ရပါသည်။

အပြင်ဂန္ဓကုဋိ(လိုဏ်)ကိုက်နှင့်အထက် စေတီတော်ကြီးကို အင်းဝပြည့်ရှင် ဘုရင်ပထမမင်းခေါင်ကြီးသည် တိုင်းခန်းလှည့်လည်တော်မူစဉ် ရွှေမုဋ္ဌောမူလစေတီတော်မှာ မြစ်ကမ်းနဖူး လေတဟူးဟူး လဟာပြင်မှာ ဖူးမြော် ရသဖြင့် စိတ်မချမ်းသာ မိမိကိုးကွယ်သော ခင်ကြီး(ဘုန်းတော်ကြီး)သုတ၊ ခင်ကြီး ပညာဆရာနှစ်ပါးနှင့် တိုင်ပင်ကာ အပြင်ဂန္ဓကုဋီတိုက်ကြီးနှင့် အထက်မှ စေတီတော်ကြီး တည်ထားကိုးကွယ်ခဲ့ကြောင်း ရှေးသူဟောင်း ဆရာတော်များ လူကြီးသူမများ၏ စကားကို (သက်ကြီးစကားသက်ငယ်ကြား) ဆိုစကားအတိုင်း သိရှိ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

## ဂန္ဓကုဋီနှင့်စေတီတော်ကြီး၏ ဉာဏ်တော်စသည်

| | | |
|---|---|---|
| ၁။ | ဂန္ဓကုဋီတိုက်အကျယ်အဝန်းမှာ | (၁၄)တောင်(၂)မိုက်(၂၂)ပေ။ |
| ၂။ | အတွင်းလိုဏ်အမြင့်မှာ | (၁၂) တောင်(၁၈)ပေ။ |
| ၃။ | အပြင်စေတီဉာဏ်တော် | (၁၈)တောင်(၂၇)ပေ။ |
| ၄။ | အောက်ခြေမှ စေတီတော်ထိပ်အထိ | (၃၀)တောင်(၄၅)ပေ။ |
| ၅။ | ထီးတော်အမြင့် | (၄) တောင်(၆)ပေ။ |

အသီးသီးပြုပြင်တည်ထားဖူးမြင်ရသူ လူ၊ နတ်၊ ဗြဟ္မာတို့အား ဂုဏ်တော်... ဆုတောင်းပြည့်ကပ်ကျော်စေတီတော်ကြီး ဖြစ်သည့်အတိုင်း ဆုတောင်းတိုင်းပြည့်ကာ နိဗ္ဗာန်ချမ်းသာအထိ ရရှိနိုင်ကြပါသည်။

## ရွှေမုဋ္ဌောကပ်ကျော်စေတီတော်ကို ဆက်လက်လေ့လာ

ရွှေမုဋ္ဌောကပ်ကျော်စေတီတော်ကို ဆက်လက်လေ့လာသောအခါ စေတီတော်ကြီး၏ ဂန္ဓကုဋီအတွင်း ယခုဖူးမြင်ရသော စေတီတော်လေးမှာ မူလက သံ

တောင် ငါးတောင်မျှသာ မြင့်လေသည်။ စေတီပုံစံနှင့် ပလ္လင်ပုံစံပြောင်းလဲနေသော်လည်း ပုဂံခေတ်ပုံစံဆိုက ဓာတ်တော်ချုပ်ပုံစံ တချို့အယူ စဉ်ဆိုးကို မှောက်ထားသည့် ပုံစံဟုဆိုကြပေသည်။

မူရင်းစေတီထက်များစွာ ပုံတော်မပြောင်းလဲသေးသဖြင့် စေတီဟောင်းကို မှန်းဆပြီး အစစ်အမှန်မြတ်ဗုဒ္ဓ၏ ဓာတ်တော်များ ကိန်းအောင်းနေသည်အမှန်မို့ ဂုဏ်တော်ကို စိတ်ရည်သန်ကာ ပုံတော်ကိုအာရုံပြုပူဇော်ကြရပေမည်။

## အပေါ်မှ စေတီတော်ကြီးအကြောင်း ထပ်လောင်းလေ့လာသောအခါ

စေတီတော်ကြီးမှာ အင်းဝပြည့်ရှင်ဘုရင် ပထမမင်းခေါင်၏ ကောင်းမှုတော်ဟုသမိုင်းဆိုင်ရာ မှတ်တမ်းတင်မှုစေ့ငုသောအခါ ပထမမင်းခေါင်ဘုရင်သည် သက္ကရာဇ် (၇၆၄–၇၈၃)အေဒီ(၁၄၀၂–၁၄၂၁) ခုနှစ်တွင် အင်းဝရွှေထီးစိုးမိုးအုပ်ချုပ် တတိယမြောက်မင်းလုပ်ခဲ့လေသည်။

## ပထမ၊ ဒုတိယမင်းများ လေ့လာသောအခါ

သက္ကရာဇ်(၇၂၆)ခုနှစ်တွင် အင်းဝပြည်ကြီးကို သတိုးမင်းပြား စတင်တည်ထောင်သည်။ သတိုးမင်းပြား နတ်ရွာစံသောအခါ ရမည်းသင်းမြို့စား သီလဝကို မင်းမြှောက်ကြလေသည်။ သီလဝမင်းက ငါသည်တစ်နေ့ကုန်နေလို့မှ စကားနှစ်ခွန်းသုံးခွန်း မပြော ရှင်ဘုရင်နှင့် မတော်ပဲ စော်ကဲကိုသာ ဘုရင်မြှောက်ကြဟု ဆိုလေသည်။

## ဘုရင်မလုပ်လိုသူများ

သာသနာသမိုင်းဝယ် မြတ်ဗုဒ္ဓလောင်းလျာနုစဉ်အခါ တစ်ခုသောဘဝ သူငယ်တို့သဘာဝဆော့ကစားရာမှ အပြန်အဝေးမှ ပြေးလာမောမောနှင့်အမေ့ ရင်ခွင်ခိုဝင်ပြုံးပြမိခင်ကြီးက သားငယ်၏ညာဘက်အထက်သွား သွားတတ်ကို မြင်သောအခါ မျက်ရည်ဖြာကျ သားငယ်က အမေဘာလို့ငိုတာလဲဟု မေးလေရာ ငါ့သားရဲ့ဟောဒီသွားတတ်က ဤဗာရာဏသီပြည်မှာ မင်းဖြစ်ရမည့်လက္ခဏာ ဆိုတာတိုင်းကားပြည်သူအများကို အုပ်ချုပ်ရလေရာ ငါ့သားမှာ အကုသိုလ်များ

အပယ်လားမှာစိုးသောကြောင့် အမေမျက်ရည်ကျတာပါဟုပြောသောအခါ အမေ သဘောမကျက ရှင်ဘုရင်(မင်း)ဆိုတာ ကျွန်တော်မလုပ်ဘူးဗျာ ဟုမိမိအနားတွေ့ သောကျောက်ခဲဖြင့် သွားတက်အား ရိုက်ချိုးလိုက်လေတော့သည်။

မြန်မာ့သမိုင်းမှာ ရှင်ဘုရင်(မင်း)မလုပ်လိုသောပုဂ္ဂိုလ်ကား ရမည်းသင်းမြို့ စားသီလဝခေါ်ဆို ပုဂ္ဂိုလ်ပင်ဖြစ်လေတော့သည်။

## မရွှယ်ဘဲနှင့် စော်ကဲမင်းဖြစ်

အမြင့်မြို့စား မင်းကြီးစွာစော်ကဲကား သီလဝ မင်းမပြုသည့်အတွက် အင်းဝပြည်ကြီး စိုးမိုးအုပ်ချုပ်ရလေရာ မြန်မာရာဇဝင်မှာ "မရွှယ်ဘဲနှင့် စော်ကဲမင်းဖြစ်"ဟု ရာဇဝင် စာတင်ရတော့သည်။

## စစ်မြေပြင်နှစ်ကြာ မုဋ္ဌောဘုရားဒါယကာ

အင်းဝပြည့်ရှင်ဘုရင်ပထမ မင်းခေါင်သည် ဟံသာဝတီဘုရင် ရာဇဓိရာဇ် နှင့် အနှစ်(၄၀)ကြာ စစ်ဖြစ်ခဲ့ကြရာ ရောဝတီမြစ်ရိုးတစ်လျှောက်ကား စစ်မြေပြင်ကြီး သာဖြစ်ခဲ့ရလေသည်။မင်းကြီး စွာစော်ကဲ၏ သားကြီးရတနာပထမမင်းခေါင်သည် ယခုရှိ ပခုက္ကူ ဗုဒ္ဓကုန်းမြေပေါ်မှာ စခန်းချ၍ စစ်မက်ရေးရာ ကြံဆဲမှာပင် ယခုဖူးမြင်ရ အပေါ်စေတီကြီးကို တည်ထားခဲ့လေသည်။

## မတ်ရပ်လေးဆူတည်ထားသူ

အချို့သော သမိုင်းလေ့လာသူများက ယခုဘုရားကြီးအာရုံခံအတွင်းရှိ မတ်ရပ်လေးဆူကို ပထမမင်းခေါင်ပင်တည်ထား၍ ယခုမဟာဝိဇယာရာမ(ရွှေမုဋ္ဌော) ပရိယတ္တိစာသင်တိုက်ကျောင်းဦးရှိ အုတ်ပြာသဒ် စေတီတော်ကြီးကိုလည်း ပထမ မင်းခေါင်ပင် တည်ထားသည်ဟုဆိုကြသည်။ထို့ကြောင့် အုတ်ပြာသဒ်စေတီကြီး နှင့် ရုပ်ပွားတော်လေးဆူသည် အင်းဝခေတ်လက်ရာဟု ပုံတော်ကြည့်ကာဆုံးဖြတ် ကြသည်။

## ဘအောင်မေစကား မှတ်သားစရာများ

စာသင်တိုက်အတွင်းရှိ အုတ်ပြာသာဒ်စေတီတော်ကြီးမှာ စလေမင်းခွေး၏ ကောင်းမှုဟုပြောဆိုပါသည်။စလေမင်းခွေးသည် စေတီကြီးကို သာမက ကျောင်းတော်ကြီးကိုပါ ဆောက်လုပ်လှူဒါန်းခဲ့သည်။၎င်းဆောက်လုပ်ခဲ့သော ကျောင်းကြီးကို အစွဲပြု၍ အုတ်ပြာသာဒ်ဘုရားကျောင်းတော်ကိုလည်း ကျောင်းဦးပြာသဒ်ဟု ခေါ်စမှတ်ပြုကြသတဲ့။

## မထင်မရှားသမိုင်းတန်ဖိုးများ

စလေမင်းခွေးက ဒီစေတီတော်ကြီးအောက်ထပ်မှာ တရားထိုင်စရာများပြုလုပ်လျက် အပေါ်ထပ်မှာလည်း ဆိုခဲ့ပြီးသောရုပ်ပွားတော်လေးဆူရှိသည်။အပေါ်ထပ် နံရံများမှာလည်း ဆေးရေးပန်းချီရွှေမုဋ္ဌောလိုဏ်အတွင်းရှိ နက္ခတ်တာရာအဖြာဖြာကို ရေးခြယ်ထားသော်လည်း ထပ်ခါထပ်ခါ ထုံးသင်္ကန်းကပ်လိုက်ကြသည့်အတွက် သမိုင်းတန်ဖိုးများမထင်ရှားတော့ပါဟု ဂေါပကဥက္ကဋ္ဌ ဘအောင်မေက ပြောကြားခဲ့သည်ကိုလည်း မှတ်တမ်းတင်ရပါသည်။

## သဗ္ဗေသခါရာ အနိစ္စ
## ဘယ်အရာမှ အမြဲမရှိပါတကား

စလေမင်းခွေးဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတော်ကြီးမှာလည်း အစ အနမှုပင်မကျန် သခါရသဘောအရ ပျောက်ပျက်ခဲ့ရလေပြီ။

ပခုက္ကူဗုဒ္ဓကုန်း ရွှေမုဋ္ဌောစေတီတော်ကြီးနှင့်တကွ သာသနိက အဆောက်အအုံများကို အဆက်ဆက်ဗုဒ္ဓဝေယျာဝစ္စဂေါပကအဖွဲ့များက အဟောင်းပြုပြင် အသစ်အသစ်အဆောက်အဦတို့ကိုလည်း မြင်ရသူကြည်နူးဝမ်းသာ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်လောက်အောင် ပါရမီရှင် ကုသိုလ်ရှင်တို့ စေတနာအား သဒ္ဓါပွားလျက် လှူဒါန်းကြသည့်အတွက် သာသနိက အဆောက်အဦတို့မှာ တိုးတက်များပြားစည်းကားစွာ ဖြစ်ပေါ်လျက်ရှိနေပါတော့သည်။

## သာသနိက အဆောက်အဦများ

၁။ ရွှေမုဋ္ဌောစေတီ လိုဏ်ကြီးအတွင်းဝယ် နက္ခတ်တာရာ ခုနစ်စဉ်ကြယ် စသည်တို့ဖြင့် အလွန်မှ လှပတင့်တယ် ပန်းတော့လက်ရာ ရွှေရေးပန်းချီ တို့ဖြင့် တင့်တယ် လှရုံမျှမက သမိုင်းသာဓကကိုလည်း ပြောပြနေသယောင်ရှိလှပါသည်။

၂။ မဟာရံတံတိုင်းကြီးကလည်း အတွေ့ရနည်းအသီးသီးသော ဘုရား ကျောင်းဆောင်အတွင်းဝယ်ကုသိုလ်ရှင်တို့ဆန္ဒဖူးမြင်ရသူ ကြည်နူးလောက်အောင် (၄၁) ဆူသော စေတီတို့ဖြင့် ဝန်းရံပူဇော်ထားလေသည်။စေတီများ၏ အောက်အုတ် ခွက်ငယ်များအတွင်းဝယ် ရုပ်ပွားဆင်းတုတော်(၉၁)ဆူစံနေတော်မူပါသည်။

၃။ စေတီတော်ကြီး၏ တောင်ဘက်အာရုံခံ တန်ဆောင်းတော်နှင့် မဟာရံ တံတိုင်းအထိ စောင်းတန်းတော်ကြီးကလည်း ခြူးပန်း၊ ခြူးနွယ် အသွယ်သွယ် တို့ဖြင့် အံ့မခန်းကျက်သရေတင့်တယ်နေသကဲ့သို့

၄။ စေတီတော်ကြီး၏ အနောက်ဘက် အာရုံခံ တန်ဆောင်းတော်ကြီးနှင့် စောင်းတန်းတော်ကြီးကလည်း ထိုနည်းမခြား တင့်တယ်ခမ်းနားလှသည့်အပြင်

၅။ စေတီတော်ကြီး၏ မြောက်ဘက်အာရုံခံတန်ဆောင်းတော်ကြီးကလည်း ထုထည်ကြီးမား မဟာရံတံတိုင်းအထိ စောင်းတန်းသွယ်ကာ တင့်တယ်စွာဖြင့် စေတီတော်ကြီး၏ မုခ်ဦးပြာသာဒ်လေးသွယ် လေးတံခါးတို့ဖြင့် ဒါယကာတစ်ဦးချင်း ကစ အများပြည်သူပေါင်းစုကုသိုလ် သာဓုခေါ်ဆိုင်နိုင်ပါပေသည်။

၆။ စေတီတော်ကြီး၏ အဓိကပဓာန အရှေ့မျက်နှာမှ အုတ်တိုက်တန်ဆောင်း တော်ကြီးကလည်း ပခုက္ကူမြို့ အမှတ်(၁)ပေါင်လောင်ရှင်ရပ်ပရိက္ခရာ ကုန်သည် ဒေါ်မူ ဒေါ်လှမေတို့ စေတနာသုံးတန်ပြဌာန်း လှူဒါန်းထားသည်မှာ မဟာရံတံတိုင်း အထိ နတ်လမ်းစောင်းတန်းတို့ဖြင့် အံ့မခန်းတင့်တယ်လှပါပေသည်။

၇။ စေတီရင်ပြင်တစ်ပြင်လုံးမှာလည်း နေပူခံကြွေပြားကို ပရိက္ခရာကုန်သည် သီအစ်မမိသားစုတို့က အရင်းတည်ကာ ရင်ပြင်တော်အပြည့်အများပေါင်းစုမြတ် ကောင်းမှုပြုထားသည်မှာ ဝမ်းမြောက်ဖွယ်ရာ ဘုရားဖူးလာရှင်လူရဟန်းစိတ်ချမ်း မြေ့ဖွယ်ပါတကား။

၈။ စေတီတော်အတွင်း ရာဟုထောင့်ဝယ် ဂြိုဟ်ပြေ နံပြေ ရှစ်မျက်နှာ စေတီ တော်ဟာလည်း ဘုရားလည်းဖူး၊ လောကီအနေယတြာချေရန်လည်း သင့်တော်လှ ပြီ အံ့တပါးပါပေ။

၉။ ထိုမှ အရှေ့ဘက်ဆက်လက်ရှုမျှော်မြတ်ဗုဒ္ဓ၏ စေတီတော်အတွင်းဝယ်

မြတ်ဗုဒ္ဓ၏ (၁၀၈)ကွက်စက်လက္ခဏာပြည့်စုံစွာဖြင့် ထုလုပ်ထားသည်မှာလည်း မန်းရွှေစက်တော် အထက်အောက်မြတ်ဗုဒ္ဓ၏ အဓိဋ္ဌာန်ခြေတော်ရာနှစ်ဆူ အာရုံ ယူကာကြည်ညိုဖူးမြော်ရသည်မှာ ကြည်နူးဝမ်းသာပီတိဝေဖြာဖြစ်လှပါတော့သည်။

၁၀။ စေတီတော်ကြီး၏ အရှေ့တောင်နား လျှောက်သွား မြတ်ဗုဒ္ဓပွင့်တော်မူ သတ္တသတ္တဟ စံနေတော်မူရာ ဆဋ္ဌမမြောက်သတ္တဟဝယ်မုစလိန္ဒာ ရေအိုင်၌ မုစလိန္ဒာနဂါးမင်း၏ ပါးပြင်းအုပ်မိုးရှိခိုး ပူဇော်(၇)ရက်စံနေတော်မူဟန်ကလည်း ဂေါပကများ ၏စိတ်ကူးဉာဏ် အံ့ချီးဖွယ်ရာ ကောင်းလှပါပေစွ။

၁၁။ စေတီတော်ကြီး၏ လေးဖက်လေးတန်မြတ်ဗုဒ္ဓအား ဖူးမြော်စောင့်ကြပ်နေ ဟန် သိကြားပြဟ္မာနတ်ဒေဝတာတို့ကလည်း ပညတ်သွားရာ ခေတ်သက်ပါဆိုသလို အသက်ဝင်စွာ ကြည်နူးစရာပါတကား။

၁၂။ စေတီအပြင်ဘက်ဆက်လက်ရှုက ဘုရားဖူးလာ ကားကြီး၊ ကားငယ်၊ ဆိုင်ကယ်၊ စက်ဘီးအသီးသီးတို့ ထားစရာရင်ပြင်ကြီးဟာလည်း အံ့ချီးဖွယ်ရာ ကျယ် ဝန်းလှပါတကား။

၁၃။ စေတီတော်သို့ ဖူးမြော်အလာ လမ်းလယ်မှာလည်း သီရိဓမ္မာသောက မဟာ ရာဇာမဇ္ဈိမဒေသမှာ စိုက်ထောင်တည်ထားအသောကကျောက်တိုင်ကြီးအ လား မခြားတူစွာ စိုက်ထောင်ကာလှူဒါန်းထားသည်ကလည်း အံ့ချီးဖွယ်ရာ။

၁၄။ စေတီတော်အလာလမ်း၏ အရှေ့ဘက်မှာ ယခုအခါ အသစ်ဖွဲ့ထား အကျိုး တော်ဆောင်ဂေါပကများက တစ်ဦးချင်း ကုသိုလ်ရှင်များနှင့်အများပေါင်းစု မြတ် ကောင်းမှုရည်သန်ကာ ''ရွှေမုဋ္ဌော ဓမ္မဗိမာန်တော်ကြီး''အသီးသီး ကောင်းမှုရှင်မော်ကွန်းထိုးလျက် ရပ်ဝေးမှဘုရားဖူးလာညှော်သည်များ ကိုယ်စိတ် နှစ်ပါးချမ်းသာစွာတည်းခိုရာဝယ် ရေချိုးခန်း၊ သန့်စင်ခန်းမှအစ မလိုရအောင် တည်ဆောက်နေရာ ကြည်နူး ဝမ်းသာနစ်ထပ်ဗိမာန်တော်ကြီး ပြီးမြောက်ရန်လည်း စုပေါင်းညီညာ လှူဒါန်းနိုင်ပါ သည်။

၁၅။ စေတီတော်ကြီး၏ တောင်ဘက်မြေထိန်းနံရံခိုင်မာ ကျောက်သားအဆင့် ဆင့်များဖြင့် ဆောက်ထားအပ်သော ရင်ပြင်ဝယ်အရိပ်အာဝါသကောင်းမွန်လှသော ထနောင်းတမာအရိပ်များစွာ အောက်ဝယ်ဘုရားဖူးလာ အဝေးအနီးအသီးသီးသော ပရိသတ်များစိတ်အေးချမ်းသာ နားစရာ ထိုင်ခုံလေးများပြုလုပ်ထားလျက် ထိုမှ တစ်ဖြာ အနီးမှာရှိ ချင်းတွင်းရောမြစ်ကြီး၏ ကွေ့ကာဝိုက်ကာ စီးသွားဟန်ကို ကြည့်လျက် ဘဝဆိုတာ ဤလိုပါဘဲဟု သံဝေဂပြုစရာ ထိုမှတစ်ဖြာ လွမ်းစရာ ဆွေးစရာ အတွေးကမ္ဘာ ချဲ့သူများအတွက် ဟိုးအဝေးဆီက တောင်ဘက် ပုပ္ပါး

တောင်ကြီးဟာလည်း မြူခိုး တိမ်လိပ်တရိပ်ရိပ်တက်ကာ လွမ်းမောတသအဆွေးပို အောင်ရှိလေရောင်ပါ တကား။ အဆွေးဓာတ်ခံရှိသူတို့အား လွမ်းမျက်ရည်စို့အောင် တမင်ဖန်လေယောင်တကား။

## သာသနာအရေးလက်မနှေး

မြန်မာ(ကယား၊ ကရင်၊ ကချင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တောင်တန်း တဝနာဂတသီး ခနု ပလောင် ရွှေဖောင်အင်းသားဝကားတစ်ဖြာ ၁၃၅) လူမျိုးတို့ကား လှူရေးတန်းရေးလက်မနှေးဘဲ လှူဒါန်းပေးကမ်းလေ့ရှိရာ တစ်ပြည်လုံးရှိစေတီတန် ဆောင်းဂူကျောင်းပြာသာဒ်အရပ်ရပ်နှင့် ပရိယတ္တိဝန်ဆောင် စာသင်တိုက်ကြီးများက အသီးသီး ဝိပဿနာရိပ်သာများက တစ်ဖြာ ဘုရားမြတ်စွာသာသနာတော်ကို နိဗ္ဗာန်အောင်ဆု ပတ္ထနာပြုလျက် လှူဒါန်းနေကြသည်မှာ ဘာသာသာသနာအတွက် အားတက်စရာပါတကား။

ကျွန်ုပ်တို့ ပခုက္ကူမြို့ကြီးဟာလည်း ရှေးရှေးသော အဘိဓဇအဂ္ဂမဟာ သာသနာ ဥက္ကဋ္ဌဆရာတော်သခင်ကြီးများကိုဦးထိပ်ထားလျက် မဟာဝိဇယာရာမ၊ မဟာဝိသုတာရာမ၊ မဟာဝိပုလာရာမ နာမကျော်ဟီးပိဋကတ် အတတ်သင် စာသင် တိုက်ကြီး(၃)တိုက်နှင့်တကွ အရန်စာသင်တိုက်ကလေးများပါ (၂၀၀၀)ကျော်စာချ၊ စာသင်ရဟန်းနှင့်ယရှင်သာမဏေတို့အား နံနက်အာရုံလာသည်နှင့် တစ်ပြိုင်နက် ဂန္ဓမာခနေတောင်မှ ပြန်ဝဲလာငြား ရွှေဟသာ်များပမာကုသလဝါယာမ၊ သာသနာ နုဂ္ဂဟ၊ ပုညဝမန၊ သာသနာအောင်စည်၊ သာသနာ့အောင်မြေ၊ တထွေစက်မှုဖုံ အလုံးစုံသော ဆွမ်းလောင်းအသင်းကြီးတို့မှ ပေါက်ပေါက်ပန်းများ ပျားရည် ဆမ်းလျက် ရွှေဟသာ်မင်းတို့အား ကျွေးသည့်ပမာကြွရောက်လာငြား ရဟန်းသံဃာ တို့အား ဆိုင်ရာဆိုင်ရာ အကျိုးဆောင်များက ဝမ်းမြောက်ဝမ်းသာ လောင်းလှူ ကြသလို နံနက် (၇ နာရီ ၈ နာရီ) အချိန်ရောက်က ရပ်ကွက်အသီးသီး ဒါယကာ ဒါယိကာမများကလည်း နေ့ဆွမ်းအတွက် ရွှေဟသာ်များ ပျားရည်ဆမ်းပေါက်ပေါက် ကျွေးမွေးသည့် ပမာ ဆွမ်းခံကြွလာ သံဃာတော်များအား လှူဒါန်းနေကြသည်မှာ သာသနာတော် အတွက် အားတက်စရာ ။ ဝါတွင်းမှာလည်း ရပ်ကွက်အသီးသီးမှ ကိုးကွယ်တည်ထား စေတီများအား ဘုရားဆွမ်းချ ပြုလုပ်ကြရာ သံဃာ့ကို ဆွမ်းသပိတ်လုံးရွှင်ပြုံး စေတနာဆက်ကပ်ကြသည့်အပြင် ကထိန်ခေတ် သမယတွင်

မြို့မဈေးကြီးက ကထိန်၊ မြင်းလှည်း၊ ဆိုက်ကား၊ မော်တော်ကားနှင့် အသင်းအဖွဲ့များစွာတို့ကလည်း ကျောင်းတိုက်အသီးသီး မြို့ရှိသံဃာ သက်နိုး ဆေးပစ္စည်းဖြင့်ပါ မပင်ပန်းရအောင်စုပေါင်းညီညာ သာသနာတော်ကို ထောက်ပံ့ကြသည်မှာ အံ့ချီးဖွယ်ရာပါတကား။

ထိုမှတစ်ဖြာ စေတီအသီးသီး ကျောင်းတိုက်ကြီးများကို ဝင်ရောက်ခါ ဖူးမြော်က ဇေတဝန် ပုဗ္ဗာရုံ တစ်ဖုံများစွာ မြတ်ဗုဒ္ဓလက်ထက်က ဝေဠုဝန်ကျောင်းကြီးများပမာ ဩော် ပခုက္ကူဒါယကာ ဒါယိကာမများကား သာသနာအရေး လက်မနှေးကြပါတကားဟု သာဓုအကြိမ်ကြိမ်ခေါ်မိပါသည်။

ဒါယကာ ဒါယိကာမတို့ဘက်က ဘာသာသာသနာ အတွက် ကွက်လပ်မရှိ ပကတိစေတနာပြည့်စုံကြပါပေစွတကား။

## ရွှေမုဋ္ဌောကပ်ကျော်စေတီတော်ကြီးမှသည် ကျောင်းတိုက်ဆီသို့

စလေမင်းခွေးသည် ရွှေမုဋ္ဌောစေတီတော်ကြီးအား ပြုပြင်ပူဇော်ရုံမျှမက စေတီတော်၏ အနောက်ဘက်ကျောင်းဝတ္ထုကံမြေပေါ်ဝယ်ရွှေကျောင်းတော်ကြီး လှူဒါန်းခဲ့ကြောင်း သမိုင်းဆိုင်ရာ သိမီသမျှ မှတ်တမ်းဘင်ခဲ့ကြပြီးလေပြီ။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ဤမှာဘက်တွင် လေးပင်ငါးပင် လဟာပြင် ရှေ့ဆင်ဝင်နှင့်အသားကျောင်းတော်ဝယ် ဆရာတော်ဦးကေသရကျောင်းထိုင်တော်မူကာ ရွှေမုဋ္ဌောစေတီတော်ကြီးအား စောင့်ရှောက်လျက် ဗုဒ္ဓကုန်းရွှေချောင်း ဒါယကာ၊ ဒါယိကာမ အပေါင်းနှင့် ပခုက္ကူမြို့တွင်းမှ ပဋ္ဌာန်းဆက်ကုသိုလ်ရှင်တို့နှင့် စုပေါင်းကာ တော်သလင်းလပြည့်နေ့ရောက်တိုင်း ဗုဒ္ဓပူဇနိက ဘုရားဆွမ်းချပွဲနှင့် ပဉ္စသံဃာအား ဆွမ်းလုံးများ ဆက်ကပ်ကြလေသည်။

## အတုယူဖွယ်ရာထေရ်ဆရာ

မဟာဝိဇယာရာမအရှေ့တိုက်(မွှာစရိယ – ဂဏဝါစကစာချ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စိတ္တသုခကျောင်းဆရာတော်ဘဒ္ဒန္တ ဣန္ဒာစာရ(ဘယော)ဆရာတော်သည် (၁) စေတီယင်္ဂဏဝတ်(၂)ဗောဓိယင်္ဂဏဝတ်နှင့်တကွ ရွှေမုဋ္ဌောစေတီတော်ကြီးအား ပန်းနံ့သာ၊ ဆီမီး၊ သစ်သီး၊ ခဲဖွယ်အသွယ်သွယ်တို့ဖြင့် နေ့စဉ်မပြတ်ပူဇော်ရုံမျှမက ကျောင်းတိုက်ကြီးမှ စေတီတော်အထိ နေ့စဉ် ခြေလျင်ကြွတော်မူလျက်

ဝတ်မပျက်ဘဲ အုံ့ညြဖွယ်ရာ စေတီတော်ကြီး၏ တောင်ဘက်အလွန်နက်လှသော ချောက်ကမ်းပါးကြီးမှ တက်ကာဆင်းကာ ချင်းတွင်းမြစ်မှ ရေကိုလက်ဆွဲချိုင့်နှစ်လုံး ဖြင့် သယ်ယူကာ ဗောဓိညောင်ပင်အား ပရိဘောဂစေတီဟုအာရုံပြုအမြဲရေသွန်း လောင်းတော်မူသည်။ နောက်နောင်း ရဟန်းရှင်လူတို့အတုယူဖွယ်ကောင်းလေစွ။

## အားကိုးထိုက်ရာပုဂ္ဂိုလ်ရှာ

ဆရာတော်ဦးကေသရသည် မိမိနှင့်သာသနာပြုဘက်ညီနောင်ပမာ ဆရာ တော်ယောအား ယုံကြည်အားထားရသောအရှင်မြတ်ဟု ဆုံးဖြတ်ပြီးလျှင် မိမိ၏ ကျန်းမာရေးချို့ယွင်းလာသောအခါ ''အဓုဝံမေဇီဝိတံ ဓုဝံမေ တံ မရဏံ'' ဟုသခ်ါရ သဘောစိတ်မှာစောလျက် ဆရာတော်ယောအား သုဒိန္နသုဂ္ဂဟိတ မျက်မှောက်၌ပင် မိမိပိုင်ရာကျောင်းနှင့် ဝတ္ထုကံမြေ(ကျောင်းဝန်း)ဂရုဘဏ်လဟုဘဏ် အားလုံးအား လွှဲအပ်လှူဒါန်းခဲ့လေသည်။

ဆရာတော်ဦးကေသရ ပြန်လွန်တော်မူသောအခါ ဆရာတော်ယောသည် မိမိ၏တပည့်ရင်းပမာ ကြည်ညိုအားထားရသောဘဒ္ဒန္တပဏ္ဍိတ (ပခုက္ကူပဌာန်းဆရာ တော်)အား ဈာပနကိစ္စဟူသမျှကို ဂေါပကနှင့်တိုင်ပင်ကာ ဆောင်ရွက်စေတော်မူ သည်။ ဆရာတော်ဦးကေသရအား ၁၃၅၈ ခုနှစ် ပြာသိုလပြည့် ည(၁၂)နာရီ (၅၅) မိနစ် အချိန်ရှောင်ခွာမရ ဘဝနတ်နန်းစံမြန်းတော်မူပါသည်။

## လောဘနည်းသော ဆရာတော် သာသနာအတွက်ကိုသာမျှော်ခေါ်

ဆရာတော်ယောသည် ဆရာတော်ဦးကေသရ၏ ဈာပနကိစ္စအားလုံး ပြီးမြောက်သောအခါ ဟေ႕ ႕ ကိုပဏ္ဍိဟုခေါ်ပြီး ပဌာန်းကျောင်းပေါ်သို့တက်လာ နေရာ၌ သီတင်းသုံးပြီး ငါ့ရှင်ရဲ့ ကိုပဏ္ဍိက ဗုဒ္ဓကုန်းရွှေချောင်းဒါယကာ၊ ဒါယိကာမ များလည်း ပြည့်စုံ၊ မြို့ထဲမှာလည်း ငါ့ရှင်ရဲ့ သာသနာရေး ဆောင်ရွက်ချက်နှစ်သက် ကြည်ညိုစောင့်ရှောက်လိုသူလည်း များပါသည်။ တိုက်တည်းမှာလည်း တပည့်များ တော့ သင့်လျော်သော ပုဂ္ဂိုလ်ထားနိုင်ပါသည်။ ဒါ့ကြောင့် ရွှေမုဋ္ဌောကျောင်းအား တို့များက ကိုပဏ္ဍိကိုပဲ လွှဲအပ်ချင်သည်ဟု အမိန့်ရှိပြီး ဦးဇင်းတစ်ပါးခေါ်ကွာဟု ဆိုကာ စာချုပ်ရေးခိုင်းသည့်အတွက် ဦးဇင်းဦးကောဝိဒ(ယခု အဘယာရာမကျောင်း ဘုန်းကြီး)အား ခေါ်ကာအောက်ပါစာချုပ်ကို ချုပ်ဆို၍ ပဌာန်းဆရာတော်အား လွှဲ အပ်ခဲ့ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မကွေးတိုင်း ပခုက္ကူမြို့ ကျွဲစခန်းပဒေ ရွှေကျွန်းရွှေကျောင်းရှိ
ရွှေ မု ဋ္ဌော ကျောင်းတိုက်အား
သမ္မုတိ သိမ်အဖြစ် သမ္မုတိ ပြုလုပ်ခြင်း

〰 ။ 〰

၁၃၅၈ ခု၊ ပြာသိုလ ပြည့်ကျော် (၁၃) ရက်၊ (၁-၂-၉၇) စနေနေ့
နံနက် (၉-၀၀) နာရီအချိန်

ပခုက္ကူမြို့၊ မဟာဝိဇယာရာမ (အရှေ့) တိုက်သစ်၊ နိဗ္ဗာနသုခ ကျောင်း၊ သာသနာ့ဗိမာန် ဂန္ထဓုရဆရာ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) မဟာဝိဇယာရာမ ဂဏဝါစကဆရာတော် အမှူးပြုသော ဝိနယဓရ ပိဋကတ္တယဓရ ... ထေရ်ကြီးများ ... သံဃာတော် (၂၃၁) ပါး၊ ... မဟာဝိဇယာရာမ (အရှေ့) တိုက်သစ်၊ ပန်းမငါးကျောင်း မဟာဝိဇယာရာမ ဂဏဝါစကဆရာ (ဓမ္မာစရိယ ဟိတသဒ္ဒါ ဓမ္မကထိက) ပခုက္ကူ ... ဆရာတော် ... အရှင် ပဏ္ဍိတာဘိဝံသ ... မမ သန္တက ... ၊ ... ၊ ... ၊ ... ၊ ... ၊ ... ၊ ... ၊ ... ၊ ပခုက္ကူ ... ဆရာတော်က ... ဘုရင် ... မဟာဝိဇယာရာမ ... ... မဟာ ... ပဏ္ဍိတ ... ဘွဲ့ရ ... ဆရာတော်ကြီး ... မဟာ ... ရွှေမုဋ္ဌော ကိုဒွိ ပေးအပ်ယူပြီးသည်ကို အောက်တွင် လက်မှတ်ရေးထိုး၍ အများ သိသာအောင် ကြေညာသည်။

ပေးအပ်သူ

အဘိဓဇ ဂန္ထဓုရ ...
(ရွှေမုဋ္ဌောကျောင်း လက်ခံယူသူ)
နိဗ္ဗာနသုခကျောင်း
အရှေ့တိုက်

အသိသက်သေများ

ယူသူ
[illegible]
[illegible]
အဘိဓဇ ပဏ္ဍိတ (ပန်းဆရာတော်)
မငါးကျောင်း
အရှေ့တိုက်

91492

ဦးဝဇိရ
(ဝင်း...)
ဥက္ကဋ္ဌ ... ကောင်စီ
ဘုံ ... ...ပခုက္ကူမြို့

## ဩဝါဒါစရိယအဖြစ်ပါ ချီးမြှောက်လာ

ဆရာတော်ဦးကေသရ ဗျာပနာကိစ္စအဝဝ ပြီးဆုံးပြီးနောက် ၁၃၅၈ ခုနှစ် တပို့တွဲ လပြည့်နေ့တွင် ရွှေမုဋ္ဌောကျောင်းတိုက်အတွင်း၌ ရွှေမုဋ္ဌောစေတီတော်ကြီး၏ ဗုဒ္ဓ ဝေယျာဝစ္စ ဂေါပကအဖွဲ့ကိုလည်း အသစ်တစ်ဖန်ဖွဲ့စည်းကြသောအခါ ဥက္ကဋ္ဌ ရွှေချောင်းရပ်ရှိ ဒါယကာတို့ဖြင့် ဖွဲ့စည်းကြပါသည်။

ထိုအခါ ဂေါပက၏ ဩဝါဒါစရိယ ဆရာတော်များအဖြစ်

(၁) ဘဒ္ဒန္တကုန္ဒာစာရ(ဘယော)အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဝိဇယာရာမ ဂဏဝါစက စာချစိတ္တသုခကျောင်း ဆရာတော်

(၂) ဘဒ္ဒန္တပဏ္ဍိတ(ဓမ္မကထိကဗဟုဇနဟိတရေ) မဟာဝိဇယာရာမဂဏဝါစက စာချ (ပခုက္ကူပဌာန်း ဆရာတော်(၂)ပါး) တို့အား ဩဝါဒါစရိယအဖြစ် လျှောက်ထားတင်မြှောက်ကြသည်။

ပဌာန်းဆရာတော်သည် မိမိအား သုဒိန္နသုဂ္ဂဟိတအဖြစ် လွှဲအပ်လှူဒါန်းထားသော ရွှေမုဋ္ဌောကျောင်းတိုက်ကို မိမိ၏ တပည့်ဖြစ်သော အရှင်ကောဏ္ဍည အားဂေါပိတ ရက္ခက(အစောင့်အရှောက်)အဖြစ်ထားရာ ၎င်းကိုပါဩဝါဒါစရိယအဖြစ် သုံးပါးမြှောက်ချီးမြှောက်ခဲ့ပါသည်။

## ပရိယတ္တိစာသင်တိုက်ကြီး ပေါ်ထွန်းလာစေရန် အကြောင်းဖန်

ပခုက္ကူမြို့ အမှတ်(၁)၊ ပေါင်လောင်းရှင်ရပ်၊ ဝိပဿနာလမ်းနေ ဒါယကာ ကြီး ဦးငြိမ်(ကုန်မျိုးစုံရောင်းဝယ်ရေး) ဆရာကြီးဦးကြင်ရွှေ၏ သားတပည့် ဖြစ်သည့်အားလျော်စွာ သာသနာတော်ကို ကျေးဇူးများရန်ရည်သန်လျက် ကျောင်းတည်း ဟူသော ပစ္စည်းဖြင့် ထောက်ပံ့လိုငြားအားကြီးသော အဓိပတိတရားကို လက်ကိုင်ပြုကာ ပဌာန်းဆရာတော်အား လျှောက်ထားလေသည်။

အရှင်ဘုရားတပည့်တော်ဟာ ဖခင်အရာ ဝိပဿနာဆရာကြီး ဦးကြင်ရွှေ ၏ အဆုံးအမ၌တည်ပြီး(ကောမာရဗြဟ္မစရိယ) အိမ်ထောင်မှုမပြု(လူပျိုကြီး) ဘဝနှင့်ပင် (ဓမ္မိယလဒ္ဓ) ကောင်းရောင်းကောင်းဝယ် စင်ကြယ်စွာဖြင့် တပည့်တော် ယခုပါလက်ဝတ်ရတနာများကိုထုခွဲ၍ အရှင်ဘုရားကို ဦးတည်ထားလျက် သာသနာ တော်အတွက် ကျောင်းဆောက်လှူဒါန်းလိုပါသည်ဟု လျှောက်ထားရာ

ပဋ္ဌာန်းဆရာတော်က ဘုန်းကြီးအတွက်ကတော့ ယခုလက်ရှိ ကျောင်းကလေးဟာ စာချလို့ အဆင်ပြေနေပြီမို့ နောက်ထပ်ကျောင်းမလိုတော့ပြီ သို့သော် ဘုန်းကြီးအား လှူဒါန်းထားသော ကျောင်းတိုက်တစ်ခုရှိသည့်အကြောင်း ညီညွတ်ကာ စာသင်တိုက် (သို့မဟုတ်) ဝိပဿနာရိပ်သာတိုက်ဖွင့်မည်ဟု အာရုံပြုထားရာ ဒါယကာကြီး သဒ္ဓါပွားကာ ကုသိုလ်များလောက်က ထိုနေရာဝယ်ဆောက်ပါလေဟု ပြောကြားပြီး ဒါယကာကြီး၏တူဦးကျော်ကျော်နိုင်(ကားကလေး)ဖြင့် ရွှေမုဋ္ဌော ကျောင်းတိုက်သို့ခေါ်သွားကာ မြေနေရာပြသောအခါ ...

ဒါယကာကြီး ဦးငြိမ်သည် အသောကမဟာရာဇာတည်ထားတော်မူခဲ့သော ရွှေမုဋ္ဌောစေတီတော်၏အနောက်ဘက်ပြန့်ပြောညီညာ မြေမျက်နှာပြင်ကို မြင်သည်နှင့်တစ်ပြိုင်နက် "အသင့်ယက်သည်ပဏ္ဍလာမိုဃ်းရွာသည်နှင့် အဆင်သင့်" ဆိုသလို စေတီနှင့်တန်ဆောင်း၊ မိမိ လှူဒါန်းမည့် စာသင်တိုက်ကျောင်းတော်ကြီးဟာ သင့်မြတ်ပါပေစွဟု လျှောက်ထား ဆရာနှင့်ဒကာ ရေနှင့်ကြာအလား ပရိယတ္တိသာသနာတော်ကြီးအား ကျောင်းတည်းဟူသောပစ္စည်းဖြင့် လှူဒါန်း ချီးမြှောက်ရတော့မည်ဟု ပဋ္ဌာန်းမင်းကျောင်းသို့ပြန် စိန်၊ ရွှေ လက်ဝတ်ရတနာ အဖြာဖြာကို သံဃိကကျောင်းအတွက်ဟု အာရုံပြုကာ ပဋ္ဌာန်းဆရာတော်ထံ ရေစက်ချ အမျှအတမ်းဝေ လှူပါလေတော့သတည်း။

ပဋ္ဌာန်းဆရာတော်သည် ဘကြီးငြိမ်၏ ဆန္ဒကိုယူကာ မြေးများဖြစ်ကြသော ဦးကျော်ကျော်နိုင် (အင်ဂျင်နီယာ) ဇနီးဒေါ်မွန်တို့အား ကပ္ပိယကာရကပြုကြလျက် ကျောင်းတော်ကြီးကို စီမံကွပ်ကဲဆောက်လုပ်စေရန် ရတနာများအား လွှဲအပ်လိုက်ပါသည်။

၁၃၅၀ ပြည့် ပထမဝါဆိုလပြည့်ကျော်(၁၂)ရက် နက္ခတ်ကောင်းကြုံရာမင်္ဂလာအခါတွင် သံဃာတော်(၂၀)ပါးတို့က ပရိတ်တရား၊ မြေသန့်ကမ္မဝါစာများ ရွတ်ပွားပြီးလျှင် ရတနာမြတ်သုံးပါးအား ပဋ္ဌာန်းဒေသနာတော်ကြီးဖြင့် ပူဇော်ကြကာ ဗုဒ္ဓကုန်းရွှေချောင်း ဒါယကာ လှူကောင်းလှူတော်များ ခြံရံလျက် မြေသန့်မင်္ဂလာပန္တက်တင် မင်္ဂလာပြုကြပြီးကျောင်းကြီးဆောက်လုပ်ခဲ့ရာ နှစ်နှစ်မျှကြာပြီး ဝိသကြုံနတ်သားဖန်ဆင်းသည့် ဗိမာန်ကြီးအလား နှစ်ထပ်ကျောင်းတော်ကြီးပြီးမြောက်အောင်မြင်ခဲ့ပါသည်။

## သတိပြုရန်

ကျောင်းဒါယကာကြီးသည် ကျောင်းတော်ကြီးဆောက်ပြီး သုံးကြိမ်သုံးခါ ပဋ္ဌာန်းဆရာတော်နှင့် ရေစက်ချမင်္ဂလာပြုလုပ်ပြီး မဟာဝိဇယာရာမအဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ဘဒ္ဒန္တနေမိန္ဒအကြီးအမှူးပြုကာ အရှေ့တိုက်၊ အလယ်တိုက်၊ အနောက်တိုက်တို့မှ တိုက်အုပ်၊ နာယက၊ ဆရာတော်များနှင့် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဆရာတော်များ အခြားဆရာတော်များပါ နှစ်ကျိပ်ကျော် သံဃာတော်တို့ရှေ့မှောက်တွင် ''မဟာဝိဇယာရာမကျောင်းတိုက်ကြီး၏ သံဃိက'' ဟုရေစက်ချကာ ပင့်သံဃာများအား သင်္ကန်းစသော လှူဖွယ်ဒါနဝတ္ထုဆက်ကပ် လှူဒါန်းမှုပြုကြပြီးလျှင် ''မဟာဝိဇယာရာမ(ရွှေမုဋ္ဌော)ပရိယတ္တိစာသင်တိုက်ကြီး'' ကမ္ပည်းတင်ကာ လှူဒါန်းခဲ့ပါလေတော့သတည်း။

## ကျရောက်တာဝန် ကျေပွန်စေချင်

ကျောင်းဒကာကြီး ဦးငြိမ်(၈၈)နှစ်သည် ကျောင်းလွှတ်လှူဒါန်း မိမိဆန္ဒပြည့်ခဲ့ ပြီမို့ ဝမ်းမြောက်ဝမ်းသာပီတိ၊ ပါမောဇ္ဇ၊ သုခတစ်ဖြာ၊ ဘာဝနာ နှစ်ပါးစိတ်မှာထားလျက် နေထိုင်နိုင်ငြားသော်လည်း ပရိယတ္တိစာသင်တိုက်၊ ပရိယတ္တိသာသနာတိုးတက်ဖို့ အတွက်

(၁) ပစ္စည်းလေးပါး
(၂) စာသင်သား
(၃) စာချမည့်ပုဂ္ဂိုလ်
(၄) စည်းကမ်းထိန်းသိမ်းသည့်ပုဂ္ဂိုလ်

စသော ကိစ္စများအတွက်ပဋ္ဌာန်းဆရာတော်မှာ ခေါင်းကိုက်အောင်စဉ်းစား ရပါတော့သည်။

ထို့ကြောင့် ရွှေမုဋ္ဌောစေတီတော်ကြီး၏ ဂေါပကအဖွဲ့ကို မဏ္ဍိုင်ထားကာ သာသနာစိတ်ရှိသူများ ပါဝင်စေလျက် ရွှေမုဋ္ဌောပရိယတ္တိစာသင်တိုက်၏ ကပ္ပိယ ကာရကအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းပေးလိုက်ပြီး ပစ္စည်းလေးပါးကိစ္စ အထိုက် အလျောက် ပြည့်စုံသွားပါသည်။

## ရွှေမုဋ္ဌော စေတီတော် ဂေါပက အဖွဲ့ဝင်များ

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းဖေ | (နာယက) | အမှတ်(၅) |
| ၂။ | ဦးတိုက်စိုး | (နာယက) | အမှတ်(၅) |
| ၃။ | ဦးသိန်းတင် | (နာယက) | အမှတ်(၉) |
| ၄။ | ဦးစိန်ထွန်း | (နာယက) | ဗုဒ္ဓကုန်း |
| ၅။ | ဦးခင်မောင်ညွန့် | (နာယက) | ဗုဒ္ဓကုန်း |
| ၆။ | ဦးတင်ကြီး | (နာယက) | ရွှေချောင်း |
| ၇။ | ဦးဆန်းညွန့် | (နာယက) | ဖက်ဖူးရောင် မြို့မဈေး |
| ၁။ | ဦးအောင်မင်း | (ဥက္ကဋ္ဌ) | ရွှေချောင်း |
| ၂။ | ဦးမျိုးညွန့် | (ဒု-ဥက္ကဋ္ဌ) | ရွှေချောင်းရွာမ |
| ၃။ | ဦးအေးချို | (ဒု-ဥက္ကဋ္ဌ) | ဗုဒ္ဓကုန်း |
| ၁။ | ဦးဝင်းမြင့် | (အတွင်းရေးမှူး) | ဗုဒ္ဓကုန်း |
| ၂။ | ဦးကျော်ဖေအး | (တွဲ-အတွင်းရေးမှူး) | ဗုဒ္ဓကုန်း |
| ၃။ | ဦးကျော်နိုင် | (တွဲ-အတွင်းရေးမှူး) | ရွှေချောင်း |
| ၁။ | ဦးလှဝင်းနိုင် | (ဘဏ္ဍာရေးမှူး) | အမှတ်(၂) |
| ၂။ | ဦးကံထွေး | (တွဲ-ဘဏ္ဍာရေး) | အမှတ်(၂) |
| ၃။ | ဦးမြင့်နိုင် | (တွဲ-ဘဏ္ဍာရေး) | ဗုဒ္ဓကုန်း |
| ၁။ | ဦးကျော်ဆွေ | (စာရင်းစစ်မှူး) | အမှတ်(၂) |
| ၂။ | ဦးမောင်မောင်မြင့် | (တွဲ-စာရင်းစစ်) | ရွှေချောင်း |
| ၃။ | ဦးမင်းစံ | (တွဲ-စာရင်းစစ်) | ဗုဒ္ဓကုန်း |
| ၄။ | ဦးသာအောင် | (တွဲ-စာရင်းစစ်) | ရွှေချောင်း |
| ၅။ | ဦးသန်းမြိုင် | (တွဲ-စာရင်းစစ်) | ရွှေချောင်း |
| ၁။ | ဦးနိုင်ထွန်း | (အဖွဲ့ဝင်) | သစ်ထုတ်ရေး |

| | | |
|---|---|---|
| ၂။ ဦးကြည်နိုင် | (အဖွဲ့ဝင်) | ဗုဒ္ဓကုန်း |
| ၃။ ဦးလှထွန်း | (အဖွဲ့ဝင်) | ရွှေချောင်း |
| ၄။ ဦးနေဝင်း | (အဖွဲ့ဝင်) | ရွှေချောင်း |
| ၅။ ဦးမျိုးဝင်း | (အဖွဲ့ဝင်) | ရွှေချောင်း |
| ၆။ ဦးသန်းဦး | (အဖွဲ့ဝင်) | ရွှေချောင်း |
| ၇။ ဦးတင်ဝင်းကြည် | (အဖွဲ့ဝင်) | ရွှေချောင်းရွာမ |
| ၈။ ဦးထွန်းထွန်းဝင်း | (အဖွဲ့ဝင်) | ရွှေချောင်း |
| ၉။ ဦးမောင်မောင်ညွန့် | (အဖွဲ့ဝင်) | ဗုဒ္ဓကုန်း |
| ၁၀။ ဦးဝင်းနိုင် | (အဖွဲ့ဝင်) | ပခုက္ကူ |
| ၁၁။ ဦးကျော်စိုး | (အဖွဲ့ဝင်) | ပခုက္ကူ |
| ၁၂။ ဦးဝင်းနိုင် | (ရုံးအဖွဲ့မှူး) | ရွှေချောင်း |

(၂) နံပါတ်အတွက် စာသင်တိုက်ဖွင့်စ ပဋ္ဌာန်းကျောင်းမှပင် ငယ်၊ လတ်၊ ကြီး (ပထမပြန်နှင့်ဓမ္မာစရိယတန်းပါ) ပါဝင်စေကာ စာသင်သား(၁၀) ပါးပို့လွှတ်ထားပြီးလျှင်

(၃) နံပါတ်အတွက် ဓမ္မာစရိယတန်း (၁)ကျမ်း (၂)ကျမ်းအောင်ပြီး

(က) ဦးဝဏ္ဏိတ (ဆိက္ခဝ)

(ခ) ဦးတိလောက(ငါ့သရောက်) နှစ်ပါးတို့အား တာဝန်များသတ်မှတ်စေလွှတ်လိုက်ပါသည်။

(၄) နံပါတ်စည်းကမ်းထိန်းသိမ်းရေးအတွက်ကား (ဂေါပိကရက္ခက) ဦးကောဏ္ဍည အားအုပ်ချုပ်ရေးတာဝန်ပေးအပ်ကာ ပထမဆုံးနှစ်ဝယ်ဒုလ္လဘကြီး တစ်ပါးအပါအဝင်(၁၄)ပါး ပရိသတ်များဖြင့် စာသင်တိုက်ကို ၁၃၇၃ ခုနှစ် ဝါဆိုလပြည့်ကျော်(၁)ရက်နေ့တွင် ဖိတ်သင့်ဖိတ်ရာ မြို့တွင်းဗုဒ္ဓကုန်းရွှေချောင်း၊ ကျွဲတဲအသီးသီးသော ဌာနဆိုင်ရာ အာဏာပိုင်များပါ ပရိသတ်(၁၀၀)ကျော်မျှတက်ရောက်ခါ မဟာဝိဇယာရာမ(ရွှေမုဋ္ဌော) ပရိယတ္တိစာသင်တိုက်ကြီးကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

ပရိယတ္တိသာသနာ အရှည်တည်ရေး ကြံတွေးသောအခါ . . .

ပဋ္ဌာန်းဆရာတော်သည် ပရိယတ္တိသာသနာအရှည်တည်ရေး မျှော်တွေးလျက် ကပ္ပိယကာရကအဖွဲ့နှင့် စည်းဝေးညီမှုတိုင်ပင်ကြပြီးလျှင် ပရိယတ္တိပေဒေသာ ပင်လှူဒါန်းဖေမူနိုးဆော်တိုက်တွန်းရန် ဆုံးဖြတ်ကြလေသည်။

## ငွေပဒေသာပင်စိုက်ကြတာ တစ်နေ့တည်းသိန်း(၃၀)ကျော်ပါ

ပဋ္ဌာန်းဆရာတော်သည် စေတနာသဒ္ဓါအားလည်းကောင်း လှူဒါန်းနိုင်အား လည်းမနွမ်းပါးသော မြို့တွင်းမြို့ပြင် ဗုဒ္ဓဘာသာသူတော်စင် ဒကာဒကာမတို့အား ၁၃၇၃ ခုနှစ် ဝါဆိုလပြည့်ကျော်(၈)ရက် ၂၃-၇-၂၀၁၁ စနေနေ့ နေ့(၁)နာရီအချိန် အောက်ပါအတိုင်း ဖိတ်ကြားလိုက်ရာ ...

**မဟာဝိဇယာရာမ (ရွှေမုဋ္ဌော) ပရိယတ္တိစာသင်တိုက်**
**ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ မင်္ဂလာ**
**ကုသိုလ်ယူနိုင်ကြောင်း ဖိတ်ကြားလွှာ**
**ଊଊଊ**

ပခုက္ကူမြို့၊ အမှတ် - (ဗုဒ္ဓကုန်း)ရပ်
မဟာဝိဇယာရာမ(ရွှေမုဋ္ဌော) ပရိယတ္တိ စာသင်တိုက် ဖွင့်လှစ်ပြီးရာ
**"ပရိယတ္တိယာ သာသနာမူလံ"** မြတ်ဗုဒ္ဓဓမ္မခန်ကို ဦးထိပ်မှာ ပြန်ဆင်ကြတာ
ပရိယတ္တိသာသနာ စက်ရဟတ်စဉ်ဆက်မပြတ် လည်ပတ်နိုင်ရန် သာသနာ့
သစ်ပင်အရှည်တည်ရေး မျှော်တွေးကြပြီး မိမိတို့ ပစ္စည်းစေတနာ
နှစ်ဖြာစွမ်းနိုင်သမျှ နဝကမ္မငွေပဒေသာပင် ဖါဝင်ကာ သာသနာပြုကုသိုလ်
ယူကြပါစို့ဟု နှိုးဆော်တိုက်တွန်းပါသည်။
သူတော်ကောင်းတို့။

ပရိသတ်များစွာ စေတနာအား သဒ္ဓါပွားပြီး တက်ရောက်လာကြသည်မှာ အားတက်ဝမ်းမြောက်စရာ ကောင်းလှပါတော့သည်။ ထိုနေ့၌ပင် တစ်သိန်း၊ ငါးသောင်း စသည်ဖြင့် ပရိယတ္တိငွေပဒေသာပင် စိုက်ထောင်လှူဒါန်းကြသည်မှာ သိန်း(၃၀)ကျော်ကာ ဝမ်းမြောက်နမော်သာဓုခေါ်ကြသည်မှာ ဘဝင်လှိုက်ကာသွားပါ လေတော့သည်။

## ကျွန်တော်တို့ ကုသိုလ်လဲပါ နိဗ္ဗာန်ဆော်ပါ

မဟာဝိဇယာရာမ(ရွှေမုဋ္ဌော)ပရိယတ္တိစာသင်တိုက်ကြီးပေါ်ထွန်းလာရာ ဗုဒ္ဓကုန်း၊ ရွှေချောင်း ကျွဲတဲရပ်များရှိ ဒကာ၊ ဒကာမများမှာ မူလကပင်ပဋ္ဌာန်းဆရာတော် ကြီးအား ကြည်ညိုလေးစားပြီးဖြစ်ရကား ယခုအခါ အရှင်မြတ်က ဒကာဒကာမတို့

အား သုဂတိဘဝနှင့်တကွ မဂ်လမ်း၊ ဖိုလ်လမ်း၊ နိဗ္ဗာန်စခန်းအထိ ပျော်ကို လှမ်းနိုင်ကြရန် ပရိယတ္တိသာသနပြုစာသင်တိုက်ကြီး ဖွင့်လှစ်ပေးရာ စာသင်တိုက်စောင့်ရှောက်ရေးကပ္ပိယကာရက အဖွဲ့ကလည်း အိုဖုဒ္ဓဘာသာ ဒကာ၊ ဒကာမအပေါင်းတို့ မဟာဝိဇယာရာမ ပဓာန နာယက အဘိဓဇဆရာ တော်ဘုရားကြီးနှင့်ကျောင်းဒါယကာကြီး ဦးငြိမ်၊ ပခုက္ကူခရိုင်(ခယက)ဥက္ကဋ္ဌကြီး ဦးတင်မောင်စိုး တို့ကမြို့မိမြို့ဖ ဂုဏ်သရေရှိ ဒါယကာ၊ ဒါယိကာမများစွာခြံရံလျက် စာသင်တိုက်ကြီးကို ဖွင့်လှစ်ပေးခဲ့သည့်အားလျော်စွာ ကျွန်ုပ်တို့စောင့်ရှောက်ရေးကပ္ပိယကာရက အဖွဲ့ကလည်း အများပေါင်းစု ပစ္စည်းလေးပါးမြတ်ကောင်းမှုကို ကျောင်းတိုက်ကြီးဖွင့်လှစ်သည့် ၁၃၇၃ ခု ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှစ၍ ကြိုးစားအားထုတ်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းခဲ့ပါသည်။

## ပရိယတ္တိသာသနာ တိုးတက်မလာ

ပဌာန်းဆရာတော်သည် ရွှေမုဋ္ဌောပရိယတ္တိစာသင်တိုက် "မှန်းချက်နှင့်နှမ်းတွက်မကိုက်" ဆိုသလို ဆရာဘက်မှ မတိုးတက် အနှုတ်လက္ခဏာဘက်သာရောက်နေရာ ကိုယ်စိတ်နှစ်ပါးမသက်သာ (ကပ္ပိယကာရက) ဒါယကာဘက်က ထက်လှစေတနာဆွမ်း၊ ဆန်၊ ဆီ၊ ပဲ တစ်နည်း ကြက်သွန်၊ ငရုတ်သီးကစ မလိုရအောင် ဆောင်ရွက်ကြသလို ဝါဆိုမှာလည်း သင်္ကန်း၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံကအစ မလိုရအောင် သာသနာတော်အား စောင့်ရှောက်ကြသော်ငြား လည်း ဆရာဘက်က စေတနာ၊ သဒ္ဓါ၊ ဝီရိယအားတက်မလာရကား မောဟိုက် ပင်ပန်း မရှင်လန်းနိုင်ပါတကား။

## တရားနှင့်ဖြေ အားတက်ပါလေ

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးအား သိန်းသန်းကုဋေ ထောက်ပံ့နေသော သာသနာပြုဒါယကာ တစ်ဦးလျှောက်ထားဖူးသော စကားကြားယောင်ကာ အားတင်းရပါတော့သည်။ "အရှင်ဘုရား မိမိကသာသနာ့ဝန်ထမ်းဖြစ်ခဲ့သော် မိမိဘက် မှ သာသနာ့တာဝန်ကျေပွန်စွာ ဆောင်ရွက်က တာဝန်ကျေပြီ တစ်ဖက်ကို မစဉ်းစား နဲ့ ဒါမှ စိတ်သက်သာမည်" တဲ့။

"တပည့်တော်တို့ လူသားများလည်း လူ၏တာဝန် မိမိကျေပွန်ဖို့က

အဓိကတစ်ဖက်ကိုမစဉ်းစားနှင့် ဖျားသွားတတ်သည်'' တဲ့ ခြေ၁း ။ မှတ်သားလောက် စရာပါတကား။

## လိုက်နာစရာ ကျေးဇူးရှင်ကြီး၏ ဩဝါဒ

ကျွန်ုပ်တို့ မဟာဝိဇယာရာမ ပထမတိုက်တည်ကျေးဇူးရှင် အဘိဓေ ဆရာတော်ဘုရားကြီးက သီတင်းနေ့တိုင်း တိုက်သံဃာအား အလယ်(အသောကာရုံ) ကျောင်းကြီးပေါ်၌ ။

**''ဓူရနှစ်ပြင် အလုပ်ခွင် နေ့စဉ်ဝင်မှသမထ**
**ရဟန်းကိစ္စနှစ်ဓူရကို လို့လပွားသည် ဟိတ်ဟန်နည်း၍**
**ပစ္စည်းမသို စိတ်မတို ခင်ပျိုကြီးပွားကြောင်း ခင်အိုကြီးပွားကြောင်း''**

ဟု ဆုံးမတော်မူသော ဩဝါဒကို သာမဏေဘဝကစ ယနေ့ ရဟန်းအိုကြီး ဘဝကျအောင် အစွမ်းနိုင်ဆုံး လိုက်နာ ဘုရားမြတ်စွာ မျက်နှာတော်ကိုကြည့်ကာ သာသနာတော်အတွက် ဆောင်ရွက်ဦးညွတ်လျက်ပါ ဆရာတော်သခင် ကျေးဇူးရှင် ကြီးဘုရား။

## အသစ်ပေါ်လာ ပရိဘောဂစေတီမဟာ

အိုသူတော်ကောင်းတို့ ...

**စတုဗ္ဗိဓံ ဗုဒ္ဓစေတိယံ၊ ဥဒ္ဒိဿစေတိယံ၊**
**ပရိဘောဂစေတိယံ၊ ဓာတုစေတိယံ၊**
**ဓမ္မစေတိယံန္တိ** ဟုဒေသနာမိန့်မှာ စကားစဉ်းစားကြည့်ခဲ့သော်

(၁) သံ၊ အုတ်၊ ကျောက်၊ မြေ၊ ရွှေ၊ ငွေ၊ သစ်သား၊ အစားစားဖြင့် သွန်းခပ်ထု လုပ်အပ်သော ဥဒ္ဒိဿစေတီ။

(၂) သင်းပိုင်ကိုယ်ဝတ်၊ ဒုကုဋ်၊ ကေသီ၊ တလီသပိတ်၊ ဗောဓိညောင်ပင်၊ ထို့ပြင်တဝ ဓမ္မကရိဏ်၊ ရေစစ်၊ တောင်ဝှေးကစ မြတ်ဗုဒ္ဓ၏ အသုံးအဆောင်ဟူသမျှ ပရိဘောဂစေတီ။

(၃) မြတ်ဗုဒ္ဓ၏ ဥတုဇရုပ်ကလာပ်တော် တေဇောဓာတ်လောင်ပြီး အသန္ဒိန္န သန္ဒိန္နနှင့် နှစ်ဝကွဲပြား ဓာတ်တော်များဟု ဆိုအပ်သော ဓာတုစေတီ။

(၄) ဓမ္မစကြာ၊ အနတ္တလက္ခဏာ၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းကစ (၈၄၀၀၀)

ဓမ္မက္ခာန် ခေါ် ဓမ္မစေတီတော်။

ဤကဲ့သို့ စေတီလေးပါး များပြားခဲ့ရာဝယ် ကျွန်ုပ်တို့ ရွှေမုဋ္ဌောစေတီ ဝတ္တုကံမြေ (စာသင်တိုက်မြောက်ဘက်)ဝယ် ၁၃၁၉ ခုနှစ်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ ဗုဒ္ဓဂါယာမှ ပင့်ဆောင်လာငြား ဗောဓိပင်ပျို ပရိဘောဂ စေတီတော်အား စိုက်ပျိုးတည်ထားခဲ့ပါသည်။ ပခုက္ကူမြို့ ရပ်ကွက်တိုင်းမှ ဓမ္မာစကြာ ဝတ်အသင်းသူ၊ အသင်းသားများ၊ ဘာသာရေးအဖွဲ့ဝင်များက တီးမက်တစ်ဖုံ ဓမ္မဒေသနာ ဖတ်ခါတစ်မျိုး ကဆုန်လပြည့် ဗုဒ္ဓနေ့ရောက်တိုင်း ညောင်ရေသွန်းကာ ပရိဘောဂစေတီ အား ပူဇော်ဆုတောင်းကြသည်မှာ အထူးပင်စည်ကားလှပါသည်။

## သဗ္ဗေသခ်ါရ အနိစ္စာ

သခ်ါရသဘာဝ မူလဗောဓိပင်ကြီးမှာ တဖြည်းဖြည်းဆွေးမြေ့ အခက်အလက်ခြောက်ကာ လဲပြိုသွားသောအခါ အံ့ဩစရာ အားလုံးသော ရဟန်း၊ ရှင်၊လူတို့ ကုသိုလ်တရား ပွားများစေရန် ပင်ခြေမြေထည်းမှနေ ငွါးငွါးစွင့်စွင့် ခက်လက်ဝေဆာ ဗောဓိပင်ပျို ထပ်ခါပေါက်လာလေသည်။

## အိုဗုဒ္ဓဘာသာဝင်အပေါင်းတို့

အားလုံးသော ဗုဒ္ဓဘာသာဝင်သူတော်ကောင်းတို့အတွက် ကုသိုလ်တရား ပွားများစေရန် အသစ်ပေါ်လာ(ပေါ်တော်မူဗောဓိညောင်ဗုဒ္ဓဟေ) စေတီတော်ကို လည်းပန်ဆုယူကာ ပူဇော်နိုင်ကြပါစေဟုမေတ္တာဖြင့် လမ်းညွှန်မှုပြုရပါတော့သည်။

## ဘုရားဖူးလာ နားခိုရာ ဓမ္မဗိမာန်တော်ကြီး

အိုသူတော်ကောင်းတို့.....

ကုသိုလ်ရှင်များ စုပေါင်းညီညာ ဘုရားဖူးလာ ရပ်ဝေးမှ ဘုရားဖူးများ ကိုယ်ရော၊ စိတ်ပါသက်သာစွာဖြင့် လုံခြုံစိတ်ချ နားနေကြကာ ဘုရားလည်းဖူး၊ တရားလဲထိုင်၊ သာယာလှစွာ ချင်းတွင်း ရော မြစ်နှစ်ဖြာ တသွင်သွင်စီးသွား အတွေးရေယာဉ် မျောကြပါလိုသူများ ဟိုအဝေးမှ ပုပ္ပါးတောင်တော်ကြီး ရှုမျှော်ရင်း မြစ်ရေပြင်ဖြတ်ကာ တောင်တောမှနေ တိုက်ခတ်လာသော လေပြေလေညှင်း

လေးကလည်း စိတ်ချမ်းသာစွာ မိမိတို့အား လန်းဆန်းစေကာ အတွေးနယ်ချဲ့လိုသူများအဖို့ မှတ်မှတ်ရရ ဖတ်စရာ။

ဤနှစ်ထပ်ဓမ္မဗိမာန်ကြီး အမြန်ပြီးမြောက်စေရန် မိမိတို့စွမ်းနိုင်သရွေ့ ကုသိုလ်ပါဝင်ကြပါစို့လို့လည်း ကျွန်ုပ်တို့ဂေါပကအဖွဲ့ကြီးမှ နိဗ္ဗာန်ကောင်းကျိုး ရကြစေရန် တိုက်တွန်းစကားလည်း ပြောကြားကာ အမှာစကားပါးရင်း နိဂုံးကံပတ် အပြီးသတ်လိုက်ပါသည်။

သဗ္ဗေသတ္တာ ဘေးရန်ကွာ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ
လိုရာဆန္ဒ တတိုင်းရ၊
မုချမသွေ ပြည့်စုံကြပါစေ။

ရွှေမှုဌေးဂေါပကအဖွဲ့နှင့်ပရိယတ္တိသာသနာစောင့်ရှောက်ရေး
ကပ္ပိယကာရကအဖွဲ့
ပခုက္ကူမြို့
၁၃၇၅ခု၊ကဆုန်လပြည့်ကျော်(၂)ရက် ၂၆-၅-၂၀၁၃၊တနင်္ဂနွေနေ့

## " အထူးကျေးဇူးတင်ပါသည် "

ကျွန်တော်တို့ "ရွှေမုဋ္ဌောကပ်ကျော်စေတီတော်
မှတ်တမ်းသမိုင်းပြုစုနိုင်ရန်
အဖက်ဖက်မှ ကူညီဆောင်ရွက်ပေးကြသော
အရှင်မြတ်များနှင့်ဆရာတော်၏အလိုကျ
လက်ရေးစာမူ ရေးကူးပေးသော
အရှင်ကုသလ (ပထမကြီးတန်း)
ရှေးဟောင်းအောက်မေ့ဖွယ်
ပြောပြကြသောအဘိုး အဘွားများ
စာမူတစ်ခုလုံး အထပ်ထပ်အခါခါ
ကွန်ပျူတာစာစီစာရိုက်
စာနေစာသားတိကျစေရန် သုံးကြိမ်မျှ
စာစီပေးရုံမျှမက မိတ္တူကူးခြင်း
Laser Printer ဖြင့်ထုတ်ပေးသော
STAR Computer ကိုစောလင်းကိုပါ
အထူးကျေးဇူးတင်ကြောင်း
ကဗျည်းမော်ကွန်း
တင်ပါသည်။

ဂေါပကအဖွဲ့

ရက်စွဲ–၂၀၁၂–ခု၊ စက်တင်ဘာလ၊ (၂၂)ရက်
သို့

ဆရာတော်အရှင်မြတ်ထံ ရှိသေစွာ တင်ပြလျှောက်ထားအပ်ပါသည့် ဘုရား–

၁၉၇၅–ခုနှစ် မေလအထိ တာဝန်ထမ်းဆောင်သွားသောဂေါပကအဖွဲ့မှာ–

| | | | |
|---|---|---|---|
| ၁။ | ဦးဘတင် | ရွှေချောင်းအနောက်ပိုင်းဂေါပက | ဥက္ကဋ္ဌ |
| ၂။ | ဦးဘိုးစိန် | ဗုဒ္ဓကုန်း၊ဂေါက်ကလပ်စောင့် | အတွင်းရေးမှူး |
| ၃။ | ဦးဘသောင် | ရွှေချောင်းအနောက်ပိုင်း– | ဘဏ္ဍာထိန်း |
| ၄။ | ဦးစံဖေ | ရွှေချောင်း | အဖွဲ့ဝင် |
| ၅။ | ဦးထွေး | ရွှေချောင်းရွာမပိုင်း | ။ |
| ၆။ | ဦးမြမောင် | ရွှေချောင်းအနောက်ပိုင်း | ။ |

တို့ဟုသိရပါသည်။

၁၉၇၅ ခု မေလပိုင်းတွင် ဆက်လက်တာဝန်ယူသော ရွှေမုဋ္ဌောဘုရားကြီး ဂေါပကအဖွဲ့မှာ ဖေါ်ပြပါအတိုင်းဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဦးလှဖေ – | ရွှေချောင်းရွာမ | ဥက္ကဋ္ဌ |
| ၂။ | ဦးသန်းညွန့် | ရွှေချောင်းအနောက်ပိုင်း | အတွင်းရေးမှူး |
| ၃။ | ဦးထွန်းလှိုင် | ရွှေချောင်းလက်ထုတ်ပိုင်း | ငွေထိန်း |
| ၄။ | ဦးအောင်မေ | ရွှေချောင်းရွာမပိုင်း | ဒုဥက္ကဋ္ဌ |
| ၅။ | ဦးဝင်းမြင့် | ဗုဒ္ဓကုန်း | တွဲအတွင်းရေးမှူး |
| ၆။ | ဦးမြမောင် | ရွှေချောင်းအနောက်ပိုင်း | အဖွဲ့ဝင် |
| ၇။ | ဦးအေး | စီးကရက်စက်ရုံ | ။ |
| ၈။ | ဦးဘိုကြီး | ဆောက်လုပ်ရေး | ။ |
| ၉။ | ဦးသန်းမြင့် | သစ်ထုတ်ရေး | ။ |
| ၁၀။ | ဦးတိုင်းသိန်း | ရွှေချောင်းအနောက်ပိုင်း | ။ |
| ၁၁။ | ဦးသောင်းငွေ | ရွှေချောင်းလက်ထုတ်ပိုင်း | ။ |
| ၁၂။ | ဦးသိန်းမြင့် | ရွှေချောင်းလက်ထုတ်ပိုင်း | ။ |

၁၉၈၅ မှ တာဝန်ယူဆောင်ရွက်သော ဂေါပကအဖွဲ့မှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ ဦးအောင်မေ | ရွှေချောင်းရွာမ | ဥက္ကဋ္ဌ |
| ၂။ ဦးအုန်းရွှေ | ရွှေချောင်းအနောက်ပိုင်း | အတွင်းရေးမှူး |
| ၃။ ဦးဝင်းမြင့် | ဗုဒ္ဓကုန်း | တွဲ-အတွင်းရေးမှူး |
| ၄။ အတွင်းရေးမှူးမှဘဏ္ဍာတော်ထိန်းသည် | | |
| ၅။ ဦးတိုင်းသိန်း | ရွှေချောင်းအနောက်ပိုင်း | အဖွဲ့ဝင် |
| ၆။ ဦးသောင်းငွေ | ရွှေချောင်းလက်ထုတ်ပိုင်း | ။ |
| ၇။ ဦးသိန်းမြင့် | ရွှေချောင်းလက်ထုတ်ပိုင်း | ။ |
| ၈။ ဦးအေး | စီးကရက်စက်ရုံ | ။ |
| ၉။ ဦးဘိုကြီး | ဆောက်လုပ်ရေး | အဖွဲ့ဝင် |
| ၁၀။ ဦးသန်းမြင့် | သစ်ထုတ်ရေး | အဖွဲ့ဝင် |
| ၁၁။ ဦးသန်းဦး | ရွှေချောင်းအနောက်ပိုင်း | ။ |
| ၁၂။ ဦးနေဝင်း | ရွှေချောင်းကျောင်းကုန်းပိုင်း | ။ |
| ၁၃။ ဦးမျိုးဝင်း | ရွှေချောင်းကွက်သစ် | ။ |
| ၁၄။ ဦးသန်းမြိုင် | ရွှေချောင်းကွက်သစ် | ။ |
| ၁၅။ ဦးမြသောင်း | ရွှေချောင်းကွက်သစ် | ။ |
| ၁၆။ ဦးတိုးညွန့် | ရွှေချောင်းရွာမ | ။ |
| ၁၇။ ဦးအုန်းရွှေ | ရွှေချောင်းအနောက်ပိုင်း | အတွင်းရေးမှူး |

ထွက်သွားသောအချိန်တွင် ဦးဝင်းမြင့်မှ အတွင်းရေးမှူး တာဝန်ယူခဲ့ရပါသည်။ ရွှေချောင်းအနောက်ပိုင်းမှ ဦးကျော်နိုင်အား တွဲ-အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခဲ့ ပါသည်။ ဦးဝန်းညွှန့်မှာ ဘုရားကြီး ဒု-ဥက္ကဋ္ဌအဖြစ် ဦးအောင်မေအား အထောက်အကူ ပြုရန် ဝင်ရောက်လာပြီး ဦးအောင်ဖေကွယ်လွန်သည့် အချိန်တွင် ဥက္ကဋ္ဌအဖြစ်ဆက်လက် ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြလျှောက်ထားပါသည်။

**ဝင်းမြင့်**
**အတွင်းရေးမှူး**
**ရွှေမုဋ္ဌောဘုရားကြီး**

| (ခ) အစည်းအဝေးဆုံးဖြတ်ချက် | | |
|---|---|---|
| စဉ် | ဆွေးနွေး/ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် |
| ၁။ | --------XXXXXXXXXXXXXXXXXXXXX---------- | |
| | --------XXXXXXXXXXXXXXXXXXXXX---------- | |
| ၂။ | --------XXXXXXXXXXXXXXXXXXXXX---------- | |
| | --------XXXXXXXXXXXXXXXXXXXXX---------- | |
| | --------XXXXXXXXXXXXXXXXXXXXX---------- | |
| ၃။ | **ဆုံးဖြတ်ချက် (၁)**<br>အထက်ပါအစည်းအဝေးတက်ရောက်သူများအားလုံးမှ ညှိနှိုင်းဆွေးနွေးပြီးလျှင်''ရွှေ''ပရိယတ္တိစာသင်တိုက် အကျိုးတော်ဆောင် ကပ္ပိယကာရက၊ အလုပ်အမှုဆောက်အဖွဲ့ကို အောက်ပါအတိုင်း အတည်ပြုဆုံးဖြတ်ကြပါသည်။<br><br>(၁) ဆရာတော်ဦးပဏ္ဍိတ ပဌာန်းဆရာတော် — နာယက<br>(၂) ဆရာတော်ဦးကောဏ္ဍည — နာယက<br>(၃) ဦးဆန်းညွှန့် — နာယက<br>(၄) ဦးခင်မောင်ညွှန့် — နာယက<br>(၅) ဦးတင်ကြီး — နာယက<br>(၆) ဦးစိန်ထွန်း — နာယက<br>(၇) ဦးဝင်းမြင့် — နာယက<br>(၈) ဦးကျော်နိုင် — နာယက<br>(၉) ဦးမင်းစံ — ဥက္ကဋ္ဌ<br>(၁၀) ဦးထိန်လင်း — ဒုဥက္ကဋ္ဌ<br>(၁၁) ဦးသာအောင် — ဒု-ဥက္ကဋ္ဌ<br>(၁၂) ဦးကျော်အေး — အတွင်းရေးမှူး<br>(၁၃) ဦးကြည်နိုင် — တွဲဖက် ။<br>(၁၄) ဦးစန်းလွင် — တွဲဖက် ။<br>(၁၅) ဦးလှဝင်းနိုင် — ဘဏ္ဍာရေးမှူး | အဖွဲ့ဝင် အားလုံး |

| စဉ် | ဆွေးနွေး/ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် |
|---|---|---|
| | (၁၆) ဦးမောင်မောင်မြင့် — စာရင်းစစ် | |
| | (၁၇) ဦးအေးချို — တွဲဖက်တွင်းမှူး | |
| | (၁၈) ဦးမျိုးညွန့် — အဖွဲ့ဝင် | |
| | (၁၉) ဦးသန်းဦး — အဖွဲ့ဝင် | |
| | (၂၀) ဦးမြင့်နိုင် — အဖွဲ့ဝင် | |
| | (၂၁) ဦးနိုင်ထွန်း — အဖွဲ့ဝင် | |
| | (၂၂) ဦးခင်မောင်လတ် — အဖွဲ့ဝင် | |
| ၄။ | **ဆုံးဖြတ်ချက် (၂)** | |
| | ''ရွှေ''ပရိယတ္တိစာသင်တိုက်အတွက် လှူဒါန်းကြသော အလှူငွေငွေပင်ငွေရင်း၊နဝကမ္မတို့ကို အောက်ပါပုဂ္ဂိုလ်များမှ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစုစာအုပ်ဖွင့်လှစ်၍ ထားရှိဆောင်ရွက်ရန်ဖြစ်ပါသည်။ | ဥက္ကဋ္ဌ၊အတွင်းရေးမှူး၊နှင့် ဘဏ္ဍာရေးမှူး |
| | ဦးမင်းစံ၊ ၈/ပခက(နိုင်) ၀၃၆၉၇၁ — ဥက္ကဋ္ဌ | |
| | ဦးကျော်အေး၊ ၈/ပခက(နိုင်)၀၃၅၆၇၇ — အတွင်းရေးမှူး | |
| | ဦးလှဝင်းနိုင်၊ ၈/ပခက(နိုင်)၀၇၃၃၉၉ — ဘဏ္ဍာရေးမှူး | |
| | ငွေသွင်းခြင်း၊ ငွေထုတ်ခြင်းလုပ်ငန်းကို ဥက္ကဋ္ဌ၊အတွင်းရေးမှူးဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးဖြစ်စေ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးဖြစ်စေအနည်းဆုံး (၂)ဦး လက်မှတ်ရေးထိုးဆောင်ရွက်ရန်အတည်ပြုဆုံးဖြတ်ကြပါသည်။ | ဥက္ကဋ္ဌ၊အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူး |

အစည်းအဝေးကို နေ့လည် (၁၃း၀၀)နာရီတွင် ရုပ်သိမ်းကြပါသည်။

(မှတ်တမ်းတင်သူ)

ရှင်မတောင်စာပေ